ဝိ၊မပြောစလောက်အနည်းငယ်လည်းဖြစ်သော။ ဒုက္ခေ၊သည်။ဥပ္ပန္နေ၊ ဖြစ်လတ်သော်။ ယောဂါဝစရော၊မေတ္တာကမ္မဋ္ဌာန်းကိုပွါးသော ယောဂါဝစရသည်။(ထည့်)။ အာရောဒနာကာရပ္ပတ္တောဝိယ၊ ငိုအံ့သောအခြင်းအရာသို့ရောက်အံ့သကဲ့သို့။ဟောတိ၊ဖြစ်တတ်၏။ မဇ္ဈတ္တံ၊ဇ္ဈာဋ္ဌာနိဋ္ဌအဖြစ်တို့မှအလပ်စပ်ကြားသဘောရှိသသူကို။ ။(နေဝပိယံနာပ္ပိယန္တိအတ္ထော။ မရန်းမချစ်လျစ်လျူပုဂ္ဂိုလ်ဟူလို)။ ။ဂရုဋ္ဌာနေစ၊အလေးပြုထိုက်သောပုဂ္ဂိုလ်အရာ၌၎င်း။ပိယဋ္ဌာနေစ၊ချစ်မြတ်နိုးအပ်သော်ပုဂ္ဂိုလ်အရာ၌၎င်း။ဋ္ဌပေန္တော၊သည်။ကိလမတိ၊၏။ ။(ကသ္မာ၊မဇ္ဈတ္တေသမ္ဘာဝနိယပိယာယိတဗ္ဗတာနံ အဘာဝါ၊ယင်းမဇ္ဈတ္တပုဂ္ဂိုလ်၌ ကျောက်ထီးကဲ့သို့အလေးပြု၍ချီးမွမ်းစလောက်ပွါးစလောက်သော သမ္ဘာဝနိယအဖြစ်။ချစ်မြတ်နိုးအပ်သောပိယာယိတဗ္ဗအဖြစ်တို့၏မရှိသောကြောင့်ဟူလို။ ။ထိုဟိတ်ကိုမြဲစေလို၍။နဟိအစ္ဆုပေက္ခိတဗ္ဗဘာဝနိယတာ မနာပတာဝါ ပစ္စုပဋ္ဌာတိ၊ဟူသည်။ ယင်းသို့သော် မဇ္ဈတ္တကို မဇ္ဈတ္တ၌ထား၍လည်းပွါးစေအပ်သည်မဟုတ်လော။ ပိယဂရုဘာဝသမ္ဘန္ဓေစ ပဋ္ဌမံမေတ္တာဘာဝေတဗ္ဗာဟုဆက်ပြန်သည်။၎င်း)။ ။ဝေရိံ၊ဝေရီပုဂ္ဂိုလ်ကို။ အနုဿရတော၊အဘန်တလဲလဲ အောက်မေ့သော ယောဂါဝစရအား။ကောဓေါ၊အမျက်ပဋိဃာတ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်တတ်၏။(ကောဓာသန္တိရဘာဝါ နူပနယတော၊ ဝေရီကောဋ္ဌာသမှတပါးသော မဇ္ဈတ္တစသောကောဋ္ဌာသသို့မဆောင်ခြင်းကြောင့်ဟူလို)။ ။တသ္မာ၊ထိုသို့အဖြစ်ရှုပ်မှုဖြစ်သောကြောင့်။ အပ္ပိယာဒီသု၊တို့၌။ ပဌမံ၊စွာ။ မေတ္တာ၊ကို။(ထည့်)။ နဘာဝေတဗ္ဗာ၊အပ်။ ပန၊လက်ဦးမပွါးစေအပ်သည်မှတပါးဩဓိအားဖြင့် မပွါးစေအပ်သည်ကိုဆိုအံ့။ လိင်္ဂဝိသဘာဂေ၊ လိင်အားဖြင့်မတူသောပုဂ္ဂိုလ်၌။တမေဝ၊ထိုလိင်္ဂဝိသဘာဂဖြစ်သောသူချည်းကိုသာလျှင်။ အာရဗ္ဘ၊အာရုံပြု၍။ ဩဓိသောဘာဂသော၊သူ့ချည်းအထီးတေဘန်သောအားဖြင့်။ ဘာဝေန္တဿ၊မေတ္တာကိုပွါးစေသောယောဂါဝစရအား။ ရာဂေါ၊သည်။ဥပ္ပဇ္ဇတိ၊၏။ အညတရော၊တယောက်သော။ အမစ္စပုတ္တော၊ အမတ်သားသည်။ ကုလူပကတ္ထေရံ၊ ကုလူပက မဟာထေရ်ကို။ဘန္တေ၊ဘုရား။ ကဿ၊အဘယ်သူအား။မေတ္တာ၊ကို။ ဘာဝေတဗ္ဗါ၊နည်း။ဣတိ၊သို့။ပုစ္ဆိကိရ၊ မေးလျှောက်သတတ်။ထေရော၊သည်။ လိင်္ဂသဘာဂေတိ၊လိင်အားဖြင့်သဘာဂဖြစ်သသူဟု။အဝိသေသေတွာ၊

အထူးမပြုမူ၍။ (နှစ်ပုဒ်ထည့်)။ ပိယပုဂ္ဂလော၊ပိယပုဂ္ဂိုလ်၌။ မေတ္တာ၊ကို။ ဘာဝေတုမ္ပ၊၏။ဋ္ဌတိ၊သို့။ အာဟ၊သာမညအားဖြင့်ဆို၏။ ။(လိင်္ဂသဘာဂေပိယပုဂ္ဂလေ ဆိုရမည်ကို၊ ဝိသေသနမပါ၊ ပိယပုဂ္ဂလေသာဆိုသည်ဟူလို)။ ။တသ္မာ၊ထိုအမတ်သားသည်။အတ္တနော၊၏။ဘရိယာ၊သည်။ ပိယာ၊ချစ်အပ်သည်။ ဟောတိ၊၏။ သော၊ထိုအမတ်သားသည်။ တဿာဘရိယာယ၊ထိုအချစ်ကြီးချစ်သောမယားအား။မေတ္တံ၊ကို။ ဘာဝေန္တော၊စေသည်ရှိသော်။ သဗ္ဗရတ္တိံ၊တညဉ့်ပတ်လုံး။ ဘိတ္တိယုဒ္ဓံ၊နံရံကိုနွားသိုးတိုးခွေ့သကဲ့သို့တိုးခွေ့ခြင်းကို။အာကာသိ၊၏။ ။(အဘယ်ကဲ့သို့ဖြစ်၍နည်း။သီလံအဓိဋ္ဌာယပိဟိတဒွါရေ ဂဗ္ဘေ သယနပိဋ္ဌေ နိသိဒိတွာမေတ္တံဘာဝေန္တောမေတ္တာမုခေန ဥပ္ပန္နရာဂေနအန္ဓီဘူတောအမိကင်္ကတောဘရိယာယသန္တိကံဂန္တုကာမောဒွါရံအသလ္လက္ခေတွာဘိတ္တိံဘိန္ဒိတွာဗဟိနိက္ခမိတုကာမတာယဘိတ္တိံပဟာရိ။ငြိကာစကားဖြင့်အနစ်အနေသာသိ။ ။ထို့ကြောင့်မဟုတ်လော။မေတ္တာမုခေနရာဂေါဝဥ္စေတိ ဟူ၍ရှင်း။ အန္ဓတမံတဒါဟောတိ၊ယံရာဂေါသဟတေနရံ၊ ဟူ၍ရှင်းဟောသကား)။ ။တသ္မာ၊ကြောင့်။လိင်္ဂဝိသဘာဂေ၊၌၊ဩဓိသော၊ဖြင့်။ မေတ္တာ၊ကို။(ထည့်)။နဘာဝေတဗ္ဗာ၊အပ်။ပန၊ဩဓိသအားဖြင့်မပွါးစေအပ်သည်မှတပါး၊ အချင်းခပ်သိမ်း မပွါးစေအပ်သည်ကို ဆိုအံ့။ ကာလကတေ၊သေသောပုဂ္ဂိုလ်၌။ ဘာဝေန္တော၊ပွါးစေသောယောဂါဝစရသည်။ အပ္ပနံ၊သို့။ နေဝပါပုဏာတိ၊မရောက်။ ဥပစာရံ၊သို့။နပါပုဏာတိ၊မရောက်။ ။(သေသသူလည်းသတ္တဝါပင်မဟုတ်လော။ခန္ဓာသန္တာန်ကိုစွဲ၍သတ္တဟူသောဝေါဟာရပညတ်ဖြစ်သည်မဟုတ်လော။ မေတ္တာလည်း ထိုသတ္တပညတ်လျှင် အာရုံရှိသည်မဟုတ်လော။ ထိုသို့လျှက်အဘယ့်ကြောင့် ကာလကတေပနစသည်ကိုမိန့်ဆိုသနည်းဟူ၊ကား။ အာဒါနနိက္ခေပပရိစ္ဆိန္နေ အဒ္ဓါပစ္စုပ္ပန္နဘူတေခရမာနတာယ ပစ္စက္ခတောဝိယဥပလဗ္ဘမာနေခန္ဓပဗန္ဓေဋ္ဌခသတ္တာဒိဂဟဏံ။နတိယဒ္ဓဂတေတိအာဟ ကာလကတေပနာတိအာဒိ။ ပဋိသန္ဓေစုတိဖြင့် ပိုင်းခြားအပ်သောအဒ္ဓါပစ္စုပ္ပန်ဖြစ်သော ထင်ရှားရှိသည်၏အဖြစ်ကြောင့် ပစ္စက္ခအားဖြင့်သိသကဲ့သို့ သိအပ်ရအပ်သော ခန္ဓပဗန္ဓ၌သာ ဤသတ္တစသောယူခြင်းဖြစ်၏။ သုံးပါးသောအဒ္ဓါ၌ဖြစ်သော ခန္ဓပဗန္ဓ၌မဖြစ်။ထို့ကြောင့် ကာလကတေပနစသည်ကိုကျမ်းဆရာမိန့်သောဟုမြန်မာပြန်။ ။အဘယ့်

ကြောင့်ကား ကာလကိတေမတေသတ္တဝ်ဒွိ ဘာဝနာမပြည့်စုံသနည်းဟူ မူ။မေတ္တာဈာပါရသအယောဂျဋ္ဌာနဘာဝတော၊ဟိတ်ပေး။ ။ဟိတူပ သံဟာရသည်မေတ္တာ၏ဈာပါရမဟုတ်လော။ကာလကိတမတပုဂ္ဂိုလ် လည်းထိုဈာပါရကိုထိုက်လေကအယောဂျဋ္ဌာနဟူကောင်းအံ့နည်းဟု၊ ကား။နဟိမတပုဂ္ဂလောဟိတူပသံဟာရာရဟော၊မိန့်သော်။ ။ထိုကာ လကိတပုဂ္ဂိုလ်လည်း သတ္တဝါပင်ဖြစ်၍ ထိုသူ၏လည်း အစီးအပွါးကို ဆောင်သောအားဖြင့် မေတ္တာ၏ဈာပါရဖြစ်ရာသည် မဟုတ်လော။ အ ဘယ်သို့ အယောဂျဋ္ဌာနဖြစ်ကောင်းအံ့နည်းဟု၊ကား။ ယတ္တသတိသမ္မု ဝေပယောဂတောဟိတူပသံဟာရောလဗ္ဘေယျ၊တတ္ထေဝမာနသောဟိ တူပသံဟာရောယုဇ္ဇေယျ။မိန့်သော်။ ။အကြင်ထင်ရှားရှိသောသတ္တဝါ တို့၌အကြောင်းဖြစ်သည့်ရှိသော်ကာယဝစီပယောဂဖြင့်ဟိတူပသံဟာ ရကိုရအပ်သည်ဖြစ်ရာ၏။ ထိုပယောဂဖြင့် ရအပ်သော သတ္တဝါ၌သာ လျှင်စိတ်ဖြင့်လည်း ဟိတူပသံဟာရသည်ထင်ရာ၏။ကာလကိတ မတ သတ္တော့သေသောသတ္တဝါ၌ကာယပယောဂဖြင့်ဟိတူပသံဟာရမရခဲ့။ ထို့ကြောင့် အယောဂျဋ္ဌာနဖြစ်သည်ဟူလို။ဒုက္ခာပနယနပမောဒပ္ပဝတ္တိ တို့၌သည်းဇောဝနယတည်း။ထို့ကြောင့်။ကာလကိတေမတေသတ္တဝ်ဒွိ အနိဋ္ဌနကိုဆိုအပ်သည်မှတ်။ဋီကာချည်း။ ။ကာလကိတမတသတ္တဝ်ဒွိ မေတ္တာမသက်၍အပ္ပနာသို့မတက်နိုင်သောအနက်၌သက်သေပြလော့၊ အညတရောစသည်မိန့်)။ ။အညတရော၊တဦးသော။ ဒဟရဘိက္ခု၊ သည်။အာစရိယံ၊ကို။ အာရဗ္ဘ၊၍။ မေတ္တံ၊ကို။အာရဘိ၊၏။ တဿ၊ထိုရ ဟန်းငယ်၏၊အား။ မေတ္တာ၊သည်။ နပ္ပဝတ္တတိကိရ၊မသက်နိုင်သတတ်။ ဝါ၊အပ္ပနာသို့ မသက်နိုင်သတတ်။ သော၊ထိုရဟန်းငယ်သည်။ မဟာ ထေရဿ၊တဦးသောမဟာထေရ်၏။ သန္တိကံ၊သို့။ ဂန္တွာ၊၍။ ဘန္တေ၊ ဘုရား။မေ၊သည်။မေတ္တာဈာနသမာပတ္တိ၊ကို။ပဂုဏာဝ၊အပါးဝစွာ လေ့ လာအပ်သည်သာတည်း။ စ၊ ထိုသို့လေ့လာအပ်သည်ဖြစ်ပါလျက်။ နံ၊ ထိုမေတ္တာဈာနသမာပတ္တိကို။ သမာပဇ္ဇိတုံ၊ငှါ။ နသက္ကောမိ၊မတတ်နိုင် ခဲ့။ကာရဏံ၊အကြောင်းကား။ကိန္နု ခေါ၊နည်း။ ဣတိ၊သို့။ အာဟ၊လျှော် ၏။ ။(အာဒိကမ္မိကဖြစ်၍ ဂရုဘာဝနီယ အာစရိယကို အာရုံမူလျက် လက်မွန်ပဋ္ဌမမေတ္တာကမ္မဋ္ဌာန်းကိုအားထုတ်သည်ကို အာစရိယမာရဗ္ဘ မေတ္တမာရဘိဟု ဆိုအပ်သလော။ အဘယ့်ကြောင့် ဆရာသေလေပြီး

လျှက် မေတ္တာဖြန့်လိုသနည်း။ သူ၏မေတ္တာဆရာ၌ မသက်ပါဘဲလျှက်
အဘယ့်ကြောင့်ကား ပဂုဏာဝမေ မေတ္တာ ဈာနသမာပတ္တိ၊ ဟူဘိသ
နည်း။ ။အညတ္ထပဂုဏာမေတ္တာဈာနေ အာစရိယဿ ကာလကိတ
ဘာဝမဇာနန္တော တံမေတ္တာယ ဖရိတုကာမော အာစရိယမာရဗ္ဘ မေတ္တ
မာရဘိတိဝုတ္တော။ တေနာဟ ပဂုဏာဝမေ မေတ္တာဈာနသမာပတ္တိတိ၊
၎င်း)။ ။ထေရော၊မဟာထေရ်သည်။အာဝုသော၊ငါ့ရှင်။နိမိတ္တံ၊အာရုံ
ကို။ဂဝေသာဟိ၊ရှာလော့။ဣတိ၊သို့။အာဟ၊၏။ (အကြင်ပုဂ္ဂိုလ်ကိုရည်
၍မေတ္တာကိုအားထုတ်၏၊ထိုပုဂ္ဂိုလ်သည် အသက်ရှိသေး၏မရှိပြီလော
ဟုစုံစမ်း၍သိအောင်မှုဟူလို)။ ။သော၊ ထိုရဟန်းငယ်သည်။ ဂဝေ
သန္တော၊ရှာလတ်သော်။ အာစရိယဿ၊၏။ မတဘာဝံ၊ကို။ ဉတွာ၊၍။
အညံ၊သေလွန်ပြီးဆရာမှတပါးသောသူကို။အာရဗ္ဘ၊အာရုံပြု၍။မေတ္တာ
ယန္တော မေတ္တံကရောန္တော၊မေတ္တာကိုပြုသည်ဖြစ်၍။ (နာမဓာတ်ဖြစ်၍
မေတ္တံကရောန္တောဟူသည်။ မေတ္တာကိုပွါးစေသည်ဖြစ်၍ဟူလို)။ ။
သမာပတ္တိံ၊ကို။ အပ္ပေသိ၊ဝင်စား၏။တသ္မာ၊ကြောင့်။ ကာလကတေ၊၌။
နဘာဝေတဗ္ဗာဝ၊အပ်သည်သာတည်း။ ပန၊ မပွါးသင့်သည်မှ တပါး
လက်ဦးပွါးသင့်သည်ကိုဆိုအံ့။သဗ္ဗပဌမံ၊ခပ်သိမ်းသောသူတို့၏ လက်
ဦးစွာ။(အတ္တနိယေဝဘာဝေတဗ္ဗာ၌စပ်)။ ။အဟံ၊သည်။ သုခိတော၊
ချမ်းသာသည်။ ဝါ၊ချမ်းသာခြင်းသို့ရောက်သည်။ ဟောမိ၊ဖြစ်လို၏။ ဣ
တိဝါ၊သို့၎င်း။နိဒ္ဒုက္ခော၊စိတ္တဒုက္ခမရှိသည်။ဟောမိ၊၏။ဣတိဝါ၊သို့၎င်း။
အဝေရော၊အတွင်းအပရန်မရှိသည်။ဟောမိ၊၏။ဣတိဝါ၊သို့၎င်း။အဗျာ
ပဇ္ဇော၊ဗျာပါဒကင်းသည်။ဟောမိ၊၏။ဣတိဝါ၊သို့၎င်း။အနီဃော၊ဤဃ
ဟုမှတ်အပ်သောဤတိမည်သောဥပဒ္ဒဝေါကင်းသည်။ဟောမိ၊၏။ဣတိ
ဝါ၊သို့၎င်း။ သုခီ၊အနဝဇ္ဇကာယိကသုခနှင့်ပြည့်စုံသည်ဖြစ်၍။ အတ္တာနံ၊
ငါ၏အတ္တဘောကို။ပရိဟရာမိ၊ဆောင်နိုင်လို၏။ဝါ၊ဖြစ်စေနိုင်လို၏။ဝါ၊
မျှစေနိုင်လို၏။ဣတိဝါ၊သို့၎င်း။ ဧဝံ၊သို့။ပုနပ္ပုနံ၊လဲ။ အတ္တနိယေဝ၊၌သာ
လျှင်။ဘာဝေတဗ္ဗါ၊အပ်၏။ ။(အဘယ်သူ၌ရှေးဦးစွာပွါးစေရာသနည်း
ဟု၊ကား။သဗ္ဗပဌမံ။ပ။ဘာဝေတဗ္ဗါဟူသည်။ပဓာနဝိသဇ္ဇနာပါဌ်ကား။
သဗ္ဗပဌမံပန အတ္တနိယေဝ ဘာဝေတဗ္ဗာ။ဟူသည်တည်း။ ။ဘာဝနာ
ကာရကားအဘယ်နည်းဟု၊ကား။ အဟံသုခိတောဟောမိ။ပ။ ဟာရာမိ
တိဝါ၊မိန့်သော်။တကြိမ်သာလော။ဧဝံပုနပ္ပုန်ဟူသည်။ ။မိမိ၌မေတ္တာ

ဘာဝနာမည်သည်သိက္ခာဘာဝအကျိုးရှိ၏။ထို့ကြောင့် အထူးထူးသော သုခသို့အစဉ်လိုက်သော အနဝဇ္ဇသုခ၊ဗျာသေကကင်းသောအဗျာသေကသုခအစရှိသောအကြင်သုခကို မိမိ၌ရအပ်၏။ထိုသုခကိုပြလိုရကား ထိုသုခ၏မိမိ၌ဖြစ်ဆဲဖြစ်သည်၏အဖြစ်ကြောင့် အဟံသုခိတောဟောမိ ဟူသည်။သုခိတော၌တပစ္စည်း။ အတိတ်ကာလ၌ထင်သော်လည်း။ ကိတာခါတွတ္ထသမ္ဗန္ဓေ၊ ဟောန္တိကာလန္တရေသွပိ-ဟူသော သဒ္ဒဗျူဟာ ရှိရကား။ ဟောမိ-ဟူသောခါတ်၏ အနက်နှင့်စပ်သည်ဖြစ်၍ ပစ္စုပ္ပန် ဖြစ်သည်။သုခိတောဖြင့်သုခကိုပြသော်လည်းကာယိကသုခမည်သည် စင်စစ်သောသုခမဟုတ်၊အနေကန္တိကတည်း။ ဤသို့သောပုဂ္ဂိုလ်အား လည်း စိတ္တဒုက္ခဖြစ်ခွင့်မရ။ ထို့ကြောင့် စိတ္တဒုက္ခ၏ မရှိခြင်းကိုရည်၍ နိဒ္ဒုက္ခောတိဝါ ဟူသည်။နိဒ္ဒုက္ခောဟောမိဇ္ဇာတိဝါ ဟူသည်သမ္ဗန်။ ။တထာ အဝေရောတိအာဒိသု။ ။ဝိသေသအားဖြင့်ကားဒုက္ခ၏အဘာဝကြောင့် သုခသညာဖြစ်၏။ ထိုသုခသညာ၏ အကြောင်းဖြစ်သော နိဒ္ဒုက္ခအဖြစ် သည် ဝေရီပုဂ္ဂိုလ်တို့၏ရင်း၊ ဝေရဟုမှတ်အပ်ကုန်သော ပါပဓမ္မတို့၏ ရင်းမရှိခြင်းကြောင့်ဖြစ်၏။ ဝိသေသအားဖြင့် ဗျာပါဒကင်းခြင်းကြောင့် ရင်း၊ ဤဃဟုမှတ်အပ်သော ဤတိမည်သော ဥပဒ္ဒဝ၏မရှိခြင်းကြောင့် ရင်း၊အနဝဇ္ဇကာယိကသုခနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့်ရင်း ဖြစ်၏ ဟု ပြလိုသည်ဖြစ်၍။ အဝေရော၊ အဗျာပဇ္ဈော၊အနီဃော၊သုခီ-ဟု မိန့် သည်။ဤကိုရည်၍ဋီကာ၌။နိဒ္ဒုက္ခောဟောမိသမ္ဗန်၏သို့။ အဝေရော၊အဗျာပဇ္ဈော၊အနီဃောတို့ကိုလည်း ဟောမိနှင့်သမ္ဗန်စေလို၍။ တထာအဝေရောတိ အာဒိသုဟူပြီး၍၊အဝေရစသည်ကို ဆိုခြင်း၏ သမ္ဗန္ဓကိုပြခြင်းငှါ။ဝိသေသတောစဒုက္ခာဘာဝေနသုခသညာ။သာပနာယံ နိဒ္ဒုက္ခတာဝေရီနံပုဂ္ဂလာနံဝေရသညိတာနံပါပဓမ္မာနံအဘာဝတောဝိသေသတောဗျာပါဒဝိရဟတောဤဃသညိတာယဤတိယာအဘာဝတောအနဝဇ္ဇကာယိကသုခသမင်္ဂိတာယစဟောတီတိ ဒဿေန္တောအာဟအဝေရော အဗျာပဇ္ဈောအနီဃောသုခီတိ။ မိန့်သော်။ ။အဆုံးဖြစ်သော သုခီပုဒ်ကိုကား အတ္တာနံပရိဟရာမိနှင့်စပ်စေလို၍။ အတ္တာနံပရိဟရာမိတိဧဝံဘူတောဟုတွာမမအတ္တဘာဝံပဝတ္တေမိယာပေမီတိအတ္ထော။ ဟူသည်။ ။ဧဝံသန္တေယံဝိဘင်္ဂေဝုတ္တံ၊တံပိယုဇ္ဇတီတိသမ္ဗန္ဓော)။ ။အတ္တနိပိ၊၌လည်း။မေတ္တာ၊ကို။ယဒိဘာဝေတဗ္ဗာ၊အကယ်၍ပွါးစေအပ်သည်

ဖြစ်အံ့။ ဝေံ၊ဤသို့မိမိ၌လည်း မေတ္တာကိုပွါးစေအပ်သည်။ သင္တေ၊ဖြစ်
လတ်သော်။ယောဇနာ။ ။ဝိဘင်္ဂေ၌။ ကထဉ္စဘိက္ခဝေ။ပ။ဖရတီတိ၊
ဟူသော။ယံဝစနံ၊ကို။ဝုတ္တံ၊၏။ ။(ယံဝိဘင်္ဂေဝုတ္တံဟုဆိုပြီး၍။ ဝိဘင်း
ဒေသနာနှင့်သမာနဂတိကဖြစ်သောသုတ်ပုဒ်ကိုဆောင်လိုသည်ဖြစ်၍၊
ကထဉ္စဘိက္ခဝေ၊ဤသို့စသည်ကိုမိန့်သော်)။ ။ဘိက္ခဝေ၊တို့။ကထဉ္စ၊
အဘယ်သို့သောအပြားဖြင့်ကား။ ဘိက္ခု၊သည်။မေတ္တာသဟဂတေန၊
မေတ္တာနှင့်တကွဖြစ်သော။ စေတသာ၊ဖြင့်။ ဧကံဒိသံ၊တခုသောအရပ်
ကို။ဝါ၊တခုသောအရပ်၌နေသောသတ္တဝါကို။ ဖရိတွာ၊နှံ့စေ၍။ ဝိဟာရ
တိ၊နေသနည်း။ သေယျထာပိနာမ၊ကား။ ပိယံ၊ချစ်အပ်သော။ မနာပံ၊
နှလုံးကိုပွါးစေတတ်သော။ ဧကံပုဂ္ဂလံ၊ ကို။ ဒိသွာ၊၍။ မေတ္တာယေယျ
သေယျထာ၊မေတ္တာပြုရာ၏သို့။ ဝါ၊မေတ္တာပွါးစေရာ၏သို့။ ဝေမေဝ၊တူ
လျှင်။သဗ္ဗသတ္တေ၊တို့ကို။မေတ္တာယ၊မေတ္တာရေဖြင့်။ဖရတိ၊ဖျန်း၏။ဝါ၊နှံ့
စေ၏။ပဋိသမ္ဘိဒါယံ၊၌။ကတမေဟိ။ပ။ပရိဟရန္တု၊တိအာဒိ၊ဤသို့အစရှိ
သော။ယဉ္စဝစနံ၊ကိုလည်း။ဝုတ္တံ၊၏။ပဉ္စဟိ၊ကုန်သော။ ကတမေဟိအာ
ကာရေဟိ၊အဘယ်အခြင်းအရာတို့ဖြင့်။ အနောဓိသော၊အသူ အသူဟူ
၍မရည်မှတ်သောအားဖြင့်။ ဖရဏာ၊ဖျန်းအပ်သော။ မေတ္တာစေတော
ဝိမုတ္တိ၊သည်။ဟောတိ၊နည်း။သဗ္ဗေ၊ကုန်သော။သတ္တာ၊တို့သည်။အဝေ
ရာ၊အတွင်းအပရန်မရှိကုန်သည်။ ဟောန္တု၊ဖြစ်ပါစေကုန်။အဗျာပဇ္ဇာ၊
ဗျာပါဒကင်းကုန်သည်။ဟောန္တု၊ဖြစ်ပါစေကုန်။အနီဃာ၊ဤဃဟုမှတ်
အပ်သောအကျိုးမဖြစ်ခြင်း၌လာသည်ဖြစ်၍ ဤတိမည်သောဥပဒ္ဒဝေါ
ကင်းကုန်သည်။ဟောန္တု၊ကုန်။သုခီ၊ကာယိကစေတသိကသုခနှင့်ပြည့်
စုံကုန်သည်ဖြစ်၍။ အတ္တာနံ၊ မိမိ မိမိတို့ အတ္တဘောကို။ ပရိဟရန္တု၊
ဆောင်နိုင်ပါစေကုန်။ဝါ၊ဖြစ်စေနိုင်ပါစေကုန်။ ဝါ၊မျှစေနိုင်ပါစေကုန်။
သဗ္ဗေ၊ကုန်သော။ပါဏာ၊တို့သည်။သဗ္ဗေ၊ကုန်သော။ဘူတာ၊တို့သည်။
သဗ္ဗေ၊ကုန်သော။ ပုဂ္ဂလာ၊တို့သည်။ သဗ္ဗေ၊ကုန်သော။ အတ္တဘာဝပရိ
ယာပန္နာ၊အတ္တဘော၌အတွင်းဝင်ကုန်သောသူတို့သည်။(မိဂပဒဝဠဉ္ဇန
နည်းဖြင့်ချုံး၍အဆုံး၌သာထားသည်)။ ။အဝေရာ၊ကုန်သည်။ဟောန္တု၊
ဖြစ်ပါစေကုန်။ အဗျာပဇ္ဇာ၊ ကုန်သည်။ ဟောန္တု၊ကုန်။ အနီဃာ၊ကုန်
သည်။ဟောန္တု၊ကုန်။ သုခီ၊ကုန်သည်ဖြစ်၍။အတ္တာနံ၊ကို။ ပရိဟရန္တု၊
ကုန်။မေတ္တာသုတ္တေ၌။သုခိနောဝါ။ပ။ တတ္တာတိအာဒိ၊ဤသို့အစရှိသော။

ယဉ္စဝစနံ၊ကိုလည်း။ ဝုတ္တံ၊၏။သဗ္ဗေ၊ကုန်သော။ သတ္တာ၊တို့သည်။ သုခိနော၊ဝါ၊ကာယိကသုခ စေတသိကသုခနှင့်ပြည့်စုံကုန်သည်ဍင်း။ ခေမိနော၊ဝါ၊ ဘေးဥပဒ္ဒဝေါ ကင်းကုန်သည်ဍင်း။ ဘဝန္တု၊ ဖြစ်ပါစေကုန်။ သဗ္ဗေ၊ကုန်သော။ သတ္တာ၊တို့သည်။ သုခိတတ္တာ၊ချမ်းသာရောက်သော ကိုယ်စိတ်ရှိကုန်သည်။ ဘဝန္တု၊ကုန်။ တံဝိဘင်္ဂါဒီသုဝစနံ၊ထိုဝိဘင်းစသည်တို့၌ ဟောတော်မူအပ်သော စကားတော်သည်။ ဝိရုဇ္ဈတိ၊ဆန့်ကျင်ခဲ့၏။ ဟိယုတ္တံ၊စွ။ တတ္ထဝိဘင်္ဂါဒီသု၊ တို့၌။ အတ္တနိ၊ ၌။ ဘာဝနာ၊ မေတ္တာဘာဝနာကို။ နဝုတ္တာ၊ဟောတော်မမူအပ်ခဲ့။ ဣတိ၊ဤသို့မေးငြားအံ့။တဉ္စဝစနံ၊ထိုဝိဘင်းစသည်တို့၌ဟောတော်မူအပ်သောစကားတော်သည်လည်း။ နဝိရုဇ္ဈတိ၊ မဆန့်ကျင်။ ကသ္မာ၊ ကား။ ဟိယသ္မာ၊ ကြောင့်။တံဝစနံ၊ကို။အပ္ပနာဝသေနအပ္ပနာဝဟာဘာဝနာဝသေန၊အပ္ပနာကိုဆောင်တတ်သောဘာဝနာ၏အစွမ်းဖြင့်။ ဝုတ္တံ၊၏။ဣဒံအဟံ သုခိတောဟောမိတိအာဒိဝစနံ၊ကို။ အတ္တာနံ၊မိမိကိုယ်ကို။(ထည့်)။ သက္ခိဘာဝဝသေနသက္ခိဘာဝေဌပနဝသေန၊သက်သေအဖြစ်၌ ထားသည်၏အစွမ်းဖြင့်။ဝုတ္တံ၊၏။တသ္မာ၊ကြောင့်။နဝိရုဇ္ဈတိ၊ကျင်။(ထည့်)။ ။(အဘယ်သို့မိမိကိုယ်ကို သက္ခိဘာဝ၌ထားသနည်းဟူမူ။ အဟံပိယသဗ္ဗေ သတ္တာအတ္တနောသုခကာမာ။ တသ္မာတေသမယာအတ္တနိဝိယ သုခူပသံဟာရေကာတဗ္ဗောတိ ဧဝံတတ္ထ အတ္တာနံ သက္ခိဘာဝေဌပနဝသေန၊ တေနာဟသစေပိတိအာဒိ)။ ။ဟိသစ္စံ၊၏။ဝဿသတံဝါ၊အနှစ်တရာပတ်လုံးဍင်း။ဝဿသဟဿံဝါ၊လုံးဍင်း။အဟံသုခိတောဟောမိတိအာဒိနာ၊သော။နယေန၊ဖြင့်။အတ္တနိ၊၌။မေတ္တံ၊ကို။သစေဘာဝေတိ၊အကယ်၍ ပွါးစေကာမူ။ ဧဝံပိ၊ဤသို့ပွါးစေသော်လည်း။ (ထည့်)။ အဿ၊ထိုယောဂါဝစရအား။ အပ္ပနာ၊သည်။ နေဝ ဥပ္ပဇ္ဇတိ၊ မဖြစ်နိုင်သည်သာတည်း။ ။(အဘယ့်ကြောင့်ကား မိမိ၌ ဘာဝနာသည် အပ္ပနာဝဟာမဖြစ်သနည်း။ အတ္တသိနေဟဝသေနသပရိဿယဘာဝတော၊ဍင်း။ယင်းသို့သော် မိမိ၌ သီမသမ္ဘေဒမဖြစ်လော၊ အဘယ့်ကြောင့်ကား ဖြစ်သနည်း။ကောဋ္ဌာသန္တရေပနဘာဝိတဘာဝနဿတတ္ထပိသီမသမ္ဘေဒေါဟောတိယေဝ၊ဍင်း။ ။အဟံသုခိတောဟောမိဟု ပွါးစေသော် အဘယ်သို့မိမိကိုယ်ကိုသက္ခိဘာဝ၌ထား၍ တပါးသတ္တဝါတို့၌ဟိတူပသံဟာရဖြစ်သနည်း။အဟံ။ပ။ကာမတာဥပ္ပဇ္ဇတိ၊မိန့်သော်)။ ။ပနတံပါ

ကဏံကရောမိ၊အဲ့။ အဟံ၊သည်။ သုခိတော၊ ချမ်းသာရောက်သည်၊ဖြစ်သောချမ်းသာရှိသည်။ဟောမိ၊ ဖြစ်ရလို၏။ဣတိ၊ သို့။ဘာဝယတော၊ပွါးစေသည်ရှိသော်။ ဝါ၊ပွါးစေသောပုဂ္ဂိုလ်အား။ အဟံ၊သည်။ သုခကာမော၊ ချမ်းသာကိုအလိုရှိသည်ဖြင်း။ ဒုက္ခပဋိက္ကူလော၊ ဆင်းရဲကို စက်ဆုပ်သည်ဖြင်း။ဇီဝိတုကာမော၊အသက်ရှည်လိုသည်ဖြင်း။အမရိတုကာမောစ၊မသေလိုသည်ဖြင်း။ ဟောမိယထာ၊ဖြစ်လို၏သို့။ဧဝံ၊တူ။ အဲညေ၊ငါမှတပါးကုန်သော။ သတ္တာပိ၊တို့သည်လည်း။ သုခကာမာ၊ကုန်သည်ဖြင်း။ဒုက္ခပဋိက္ကူလာ၊ကုန်သည်ဖြင်း။ ဇီဝိတုကာမာ၊ကုန်သည်ဖြင်း။အမရိတုကာမာစ၊ ကုန်သည်ဖြင်း။ ဟောန္တိ၊ ဖြစ်ကုန်သတည်း။ ဣတိ၊သို့။ အတ္တာနံ၊ကို။သက္ခိံ၊ကို။ကတွာ၊၍။အညသတ္တေသု၊တို့၌။ ဟိတသုခကာမတာ၊စီးပွါးချမ်းသာကို အလိုရှိသည်၏အဖြစ်သည်။ ဥပ္ပဇ္ဇတိ၊၏။ ။ သဗ္ဗဒိသာ၊ အကြွင်းမရှိခပ်သိမ်းသော အရပ်တို့သို့လည်း။ စေတသာ၊ဖြင့်။ အနုပရိဂမ္မ၊ထက်ဝန်းကျင် ရှာသောအားဖြင့် အစဉ်လှည့်ပတ်၍။ သဗ္ဗုသသာဟောန၊အားကုန်ထုတ်သဖြင့်။ပရိယေသန္တာပိ၊သော်လည်း။ (နှစ်ပုဒ်ထည့်)။အတ္တနာ၊မိမိထက်။ ပိယတရံ၊သော။ အညံ၊သော။သတ္တံ၊ကို။(ထည့်)။ ကွစိကတ္တစိဒိသာယ၊၌။ နေဝဇ္ဈဂါနေဝအဓိဂစ္ဆေယျ၊မရနိုင်ရာ။ နပဿေယျ၊မတွေ့မြင်ရာဟူလို။ ဧဝံ၊ဤသို့မိမိထက်အလွန် ချစ်မြတ်နိုးအပ်သော တစုံတယောက်သောသူကိုမျှ မရခြင်း၏အစွမ်းဖြင့်။ ပုထု ဝိသုံဝိသုံ၊ အသီးအသီး ကိုယ်စီကိုယ်စီ။ ပရေသံ၊ ကိုယ်မှတပါးကုန်သော ထိုထိုသတ္တဝါတို့သည်။ အတ္တာ၊သူတို့ကိုယ်ကို။ ပိယော၊၏။ တသ္မာ၊ကြောင့်။ အတ္တကာမော၊ မိမိ၏ ဟိတ်သုခ်ကိုလိုသောသူသည်။ ပရံ၊သော။ သတ္တံ၊ကို။ အန္တမသော၊ဖြင့်။ ကုန္ထကိပိလ္လိကမ္ပိ၊ ကိုလည်း။ (ထည့်)။ နဟိံသေ၊မညှဉ်းဆဲရာ။ ဣတိဧဝံ၊သို့။ ဝဒတာ၊ခပ်သိမ်းသောသတ္တဝါတို့ထက် မိမိသာပိယတရ အဖြစ်ကိုပြပြီး၍၊ ထိုခပ်သိမ်းသောသတ္တဝါတို့၌ ကရုဏာဖြစ်စေခြင်း၌ဟောတော်မူသော။ဘဂဝတာပိ၊သည်လည်း။ အယံနယော၊ ချမ်းသာရှာသည်၏အဖြစ်ဖြင့် မိမိကိုယ်ကို သက္ခိဘာဝ၌ထား၍ သတ္တဝါတို့၌ မေတ္တာပွါးစေအပ်၏ဟု မေတ္တာဘာဝနာပွါးစေရာသော၅နည်းကို။ ဒဿိတော၊၏။ တသ္မာ၊ထိုသို့ ဘုရားမြတ်စွာ နည်းပြတော် မူအပ်သည်၏ အဖြစ်ကြောင့်။ သက္ခိဘာဝတ္ထံ၊ သက်သေအဖြစ်၌ထားခြင်းအကျိုး၌၊။ ပဌမံ၊စွာ။ အတ္တာနံ၊ကို။ မေတ္တာ

ယ၊ဖြင့်။ ဖရိတဗ္ဗံ၊ဖျန်းရာ၏။(ထည့်)။ဖရိတွာစ၊မိမိကိုယ်ကို မေတ္တာရေ
ချမ်းဖျန်းပြီး၍ကား။တဒနန္တရံ၊ထိုမှအခြားမဲ့၌။ သုခပ္ပဝတ္တနတ္ထံ၊မငြိုငြင်
သဖြင့် မေတ္တာ ဖြစ်လွယ်ခြင်း အကျိုးငှါ။ (ယွာဿ၊ယော-အဿခွဲ)။
ယောပုဂ္ဂလော၊သည်။ အဿယောဂိနော၊ သည်၊၏။ ပိယော၊ချစ်အပ်
သည်အလိုရှိအပ်သည်။မနာပေါ၊နှလုံးကိုပွါးစေတတ်သည်။ဂရု၊ကျော်
ထီးကဲ့သို့အလေးပြုအပ်သည်။ ဘာဝနီယောသမ္ဘာဝေတဗ္ဗော၊ ချီးမွမ်း
အပ်သည်။ဟောတိ၊နည်း၊၏။ ။(ပိယစသောပုဂ္ဂိုလ်သရုပ်ကိုထုတ်ပြ
ခြင်းငှါအာစရိယောဝါစသည်ကိုမိန့်သော်)။ ။အာစရိယောဝါ၊ဆရာ
သည်၄င်း။ အာစရိယမတ္တောဝါ၊သီလစသည်ဖြင့် ဆရာပမာဏရှိသသူ
သည်၄င်း။ဥပဇ္ဈာယောဝါ၊သည်၄င်း။ဥပဇ္ဈာယမတ္တောဝါ၊သီလစသည်
ဖြင့်ဥပဇ္ဈာယ်ပမာဏရှိသသူသည်၄င်း။ဟောတိ၊ရှိအံ့။တဿပုဂ္ဂလဿ၊
ထိုအာစရိယအစရှိသောပုဂ္ဂိုလ်၏။ ပိယဝစနာဒီနိ၊ပိယဝစနအစရှိကုန်
သော။ တာနိပိယမနာပတ္တကာရဏာနိ၊ထိုပိယ၏အဖြစ်၊မနာပ၏အဖြစ်
၏အကြောင်းတို့ကို၄င်း။ သီလသုတာဒီနိ၊ကုန်သော။ တာနိဂရုဘာဝနီ
ယတ္တကာရဏာနိစ၊ ထိုအလေးပြုအပ်သည်၏အဖြစ်၊ ချီးမွမ်းအပ်သည်
၏အဖြစ်၏အကြောင်းတို့ကို၄င်း။ ။(ပိယဝစနာဒီနိတိအာဒိသဒ္ဒေနအတ္ထ
စရိယာဒိကေသင်္ဂဟာတိ။ သီလသုတာဒီနီတိအာဒိသဒ္ဒေနသဒ္ဓါမိကေ
ခုတခမ္ဘဇာဂရိယာနုယောဂါဒိကေစ သင်္ဂဟာတိ၊၄င်း)။ ။အနုဿ
ရိတွာ၊အဘန်တလဲလဲအောက်မေ့၍။ ဩဿသော့ပ္ပုရိသော၊ သည်။
သုခီ၊ကိုယ်စိတ်ချမ်းသာရှိသည်။ ဟောတု၊ဖြစ်ပစေ။ နိဒ္ဒုက္ခော၊ဆင်းရဲ
ကင်းသည်။ဟောတု၊စေ။ ဣတိအာဒိနာ၊သော။နယေန၊ဖြင့်။ တသ္မိံ၊ထို
အာစရိယစသောပုဂ္ဂိုလ်၌။(ထည့်)။မေတ္တာ၊ကို။ ဘာဝေတဗ္ဗာ၊၏။ ။
(ထိုသို့သောပုဂ္ဂိုလ်၌မေတ္တာကိုရသည်မှအခြားမဲ့၌ အဘယ်သူ၌နည်း။
အဘယ်နေ့ခင် အဘယ်၌ ပွါးစေရမည်နည်းဟု၊ ကား။ တဒနန္တရံ။ပ။
ဘာဝေတဗ္ဗာ၊မိန့်သော်။ ။ယင်းသို့သော်၊ပိယ၊မနာပ၊ဂရု၊ဘာဝနီယ
ပုဂ္ဂိုလ်ကိုရည်၍ဘာဝနာကိုအားထုတ်သောယောဂီ၏ယုတ္တပတ္တကာရိ
အဖြစ်ကြောင့် သူ့အား ထိုသို့သောပုဂ္ဂိုလ်၌ဘာဝနာသည် လွယ်စွာ
ပြည့်စုံပြီဟုဘ်လော။ထိုသို့လျက် တဒနန္တရံစသည်ကိုအဘယ်မူ၍ဆို
သနည်းဟု၊ကား။ဝေဠုပေစ။ပ။တုဋ္ဌမနာပတ္တိတွာ၊မိန့်သော်)။ ။စ၊ဆက်။
ဧဝရူပေ၊ဤသို့ပိယမနာပစသောသဘောရှိသော။ ပုဂ္ဂလေ၊အာစရိယစ

သောပုဂ္ဂိုလ်၌။အပ္ပနာ၊သည်။ကာမံ၊စင်စစ်။သမ္ပဇ္ဇတိ၊ပြည့်စုံ၏ရှင့်။ပန၊ ထိုသို့ပြည့်စုံသော်လည်း။ဍ္ဍမိနာဘိက္ခုနာ၊ဤယောဂီရဟန်းသည်။တာ ဝတကေန၊ထိုသို့အပ္ပနာပြည့်စုံကာမျှဖြင့်။ တုဋ္ဌိ၊နှစ်သက်ရောင့်ရဲခြင်း သို့။ အနာပဇ္ဇိတွာ၊မရောက်မူ၍။ ။(အဓိပ္ပါယ်ကား၊တာဒိသပုဂ္ဂလကို ရည်၍ ဘာဝနာအားထုတ်သောယောဂီသည် ယုတ္တပတ္တကာရီဖြစ်ပေ ၏။ လွယ်သဖြင့် သူ့အားတာဒိသပုဂ္ဂလ၌ဘာဝနာလည်းပြည့်စုံပေ၏။ သို့သော်လည်း။ထိုယောဂီသည် ထိုမျှတည်းဖြင့်ရောင့်ရဲခြင်းမဖြစ်အပ် သေးဟူလို။ ။မရောင့်ရဲသော်အဘယ်ပြုဘွယ်ရှိသနည်း။ သီမသမ္ဘေ ဒံကတ္တုကာမေန၊မိန့်။ ။သီမသမ္ဘေဒပြုရန်ရှိသေးသည်ဟူလို)။ ။ သီမသမ္ဘေဒံ၊အပိုင်းအခြားကို ပယ်ဖျက်ခြင်းကို။ ကတ္တုကာမေန၊ပြုလို သောယောဂီသည်။(မိမိကိုယ်တည်း။ပိယတည်း။မဇ္ဈတ္တတည်း။ ဝေရီ တည်းဟူ၍ဝိဘာဂမပြု။ကန့်၍မကွက်။ကန်သင်းဖျက်၍။ တလယ်ကွက် တည်းပြုသည်ဟူလို)။ ။တဒနန္တရံ၊ထိုပိယ၊မနာပ၊ဂရု၊ဘာဝနီယဖြစ် သောဆရာစသောပုဂ္ဂိုလ်မှအခြားမဲ့၌။ ဝါ၊ထိုသို့သောပုဂ္ဂိုလ်၌မေတ္တာ ကိုရသည်မှအခြားမဲ့၌။အတိပ္ပိယသဟာယကေ၊၌။ မေတ္တာ၊ကို။ဘာဝေ တဗ္ဗာ၊၏။စပ်။ ။(ဂရုဒ္ဓာနီယပုဂ္ဂိုလ်၌ရအပ်ပြီးသောမေတ္တာမနသိကာ ရသည်၊ကို။အတိပ္ပိယသဟာယက၌ကပ်၍ဆောင်အပ်၏ဟူလို။ ။အ ဘယ့်ကြောင့် ယင်းမနသိကာရကိုမဇ္ဈတ္တစသည်၌ မဆောင်ဦးမူ၍။ အ တိပ္ပိယ၌ဆောင်အပ်သနည်း။ သုခူပသံဟာရံတတ္ထသတံပဟောတိ၊ ပ ဂေဝပဋိပက္ခမ္မောနံဝိက္ခမ္ဘိတတ္တာ၊ငင်း။ ။တတ္ထ၊ထိုအတိပ္ပိယ သဟာ ယက၌။ အဿ၊ ထိုယောဂီ၏။ တံမနသိကာရံ၊သည်။ သုခူပသံဟာရံ၊ ဆောင်လွယ်သည်။ ပေးလေ)။ ။အတိပ္ပိယသဟာယကတော၊မှ။ အ နန္တရံ၊၌။မဇ္ဈတ္တေ၊မဇ္ဈတ္တပုဂ္ဂိုလ်၌။မေတ္တာ၊ကို။ဘာဝေတဗ္ဗာ၊၏။စပ်။ ။ (မဇ္ဈတ္တံပိယဂရုဋ္ဌာနေဌပေတုံသုကရဘာဝတော၊ဟိတ်။ ။အတိပ္ပိယ သဟာယကတောမဇ္ဈတ္တေ-ဟုအဋ္ဌကထာရှိလျက်၊အတိပ္ပိယဂရုဋ္ဌာနေ ဌပေတုံသုကရဘာဝတော-မဟူမူ၍၊ အဘယ့်ကြောင့် ပိယဂရုဋ္ဌာနေ ဟူသနည်း။အတိပ္ပိယသဟာယကတောတိစဋ္ဌဒံပုရိမာဝတ္ထံဂယေတွာ ဝုတ္တံ၊ငင်း။ ။ပုရိမာဝတ္ထအဖြစ်ကို အဘယ်ယုတ္တိဖြင့် ယုံရမည်နည်း။ ပဂုဏမနသိကာရာဓိဂမတော ပဋ္ဌာယဟိဿသောဝိ ပိယဋ္ဌာနေ ဌပ တိဋ္ဌတိ၊ငင်း။မလေ့လာသေးသောပုရိမာဝတ္ထကိုယူ၍အတိပ္ပိယသဟာ

ယကဟူသည်။ ပဂုဏမနသိကာရကိုရသည်မှစ၍ ထိုယောဂီအား ထို
အတိပ္ပိယသဟာယကသည်လည်းပိယအရာ၌သာတည်သည်ဟူလို)။ ။
မဇ္ဈတ္တတော၊မှ။အနန္တရံ၊၌။ ဝေရိပုဂ္ဂလေ၊၌။မေတ္တာ၊ကို။ ဘာဝေတဗ္ဗာ၊
၏။ (မဇ္ဈတ္တ၌မေတ္တာပွါးသောယောဂီသည်ထိုပုဂ္ဂိုလ်၌ ပဂုဏမနသိကာ
ရကိုရသဖြင့် ပိယဘာဝကိုဆောင်ပြီး၍။တဒနန္တရ၌ဝေရိပုဂ္ဂလကိုဘာ
ဝနာဖြင့်မဇ္ဈတ္တ၌ထား၍။မဇ္ဈတ္တဘာဝမှပိယဘာဝသို့ဆောင်သဖြင့် ဝေ
ရိပုဂ္ဂလ၌မေတ္တာကိုပွါးစေအပ်၏ဟူလို။ဝေရိပုဂ္ဂလေဟူသောဤစကား
ကိုသည်း ပုရိမာဝတ္ထုကိုယူ၍ဆိုသည်။ ဝေရိသည်လည်း ပိယဘာဝ၌
သာတည်သည်။ ။ယခင်အစဉ်ဖြင့်ပွါးသော်။ ထိုထိုသို့သောပုဂ္ဂလ
ကောဋ္ဌာသ၌အဘယ်မျှလောက်မနသိကာရကိုပြုရမည်နည်းဟု၊ ကား။
ဘာဝေန္တေန၊အစရှိသည်ကိုမိန့်သော်)။ ။ဘာဝေန္တေနစ၊ပွါးသော
ယောဂီသည်လည်း။ ဧကေကသ္မိံ ကောဋ္ဌာသေ၊ ပိယဂရုဋ္ဌာနီယ၊ အ
တိပ္ပိယ၊မဇ္ဈတ္တ၊ဝေရိ–ဟူသောလေးပါးသောပုဂ္ဂလကောဋ္ဌာသတို့တွင်
တပါးပါးသောပုဂ္ဂလကောဋ္ဌာသ၌။ စိတ္တံ၊ကို။မုဒုံ၊နူးညံ့သည်ကို။ ကမ္မနိ
ယံ၊အမှု၌ခံ့သည်ကို။(တနည်း)။ မုဒုံ၊သော။ ကမ္မနိယံ၊သော။ စိတ္တံ၊ကို။
ကတွာ၊၍။ ။(ထိုလေးပါးသော ကောဋ္ဌာသတို့တွင်အစဉ်သဖြင့်ရှေး
ဦးစွာ ပိယဂရုဋ္ဌာနီယ ကောဋ္ဌာသ၌ မေတ္တာဘာဝနာကိုရ၍ ဝသီဘာ
ဝသို့ရောက်လတ်သော် ထိုအခြင်းဖြင့် ဖြစ်သော စိတ်ကို တပါးသော
ကောဋ္ဌာသသို့ ဆောင်ခြင်းငှါ နူးညံ့ခံ့သည်ကိုပြု၍ ထိုမှအနန္တရ၌ အ
တိပ္ပိယသဟာယ၌ အတိပ္ပိယအဖြစ်ကိုခွါ၍ ပိယဘာဝမျှ၌စိတ်ကိုထား
သည်ဖြစ်၍ဘာဝနာကိုဆောင်အပ်၏။ ထိုစိတ်ကိုလည်း ဝသီဘာဝသို့
ရောက်စေသဖြင့်၊မုဒု၊ကမ္မနိယကိုပြုပြီး၍ ထိုမှအနန္တရ၌ မဇ္ဈတ္တ၌လျစ်
လျူဟူသောဥဒါသိန်အဖြစ်ကိုခွါ၍ ပိယဘာဝကိုဖြစ်စေ၍ ဘာဝနာကို
ဆောင်ရာ၏။ တဖန်ထိုစိတ်ကိုလည်း ဝသီဘာဝသို့ရောက်စေသဖြင့်၊
မုဒု၊ကမ္မနိယကိုပြုပြီး၍ထိုမှအနန္တရ၌ဝေရိကောဋ္ဌာသ၌ဝေရိဟူသော
သညာကိုခွါ၍မဇ္ဈတ္တဘာဝ၌ထားသည်ကိုအဦးပြုသဖြင့် ဝသီဘာဝကို
ဖြစ်စေသည်ဖြစ်၍ ဘာဝနာကိုဆောင်အပ်၏။ ထို့ကြောင့် ထိုအနက်
ကိုပြလိုသည်ဖြစ်၍၊ တဒနန္တရေ တဒနန္တရေ ဥပသံဟရိတဗ္ဗံ၊ဟု မိန့်
သော်)။ ။တဒနန္တရေတဒနန္တရေ၊ ထိုထိုကောဋ္ဌာသမှ အခြားမဲ့အ
ခြားမဲ့၌။ဥပသံဟရိတဗ္ဗံ ဗျာနစိတ္တံ ဥပနေတဗ္ဗံ၊၏။ ။(ဖြစ်စေအပ်၏ဟူ

လို)။ ။ယသ္မာပန၊အားကား။ဝေရိပုဂ္ဂလောဝါ၊သည်လည်း။နတ္ထိ၊မရှိ။
(အဘယ်ကြောင့်နည်း။ကမ္မဇလေနဝါတေရဟိပယောဂသမုဋ္ဌာနိယာဝါ
သဗ္ဗသောအနတ္တကရဿ အဘာဝတော။ဟိတ်။ ။မဟာပုရိသဇာ
တိကတ္တာဝါ၌ဝါကိုလိုက်သောယသ္မာပုဒ်နှင့်ယှဉ်၍)။ ။ယသ္မာဝါ၊အား
မှုလည်း။ မဟာပုရိသ ဇာတိကတ္တာ၊ ယောကျ်ားမြတ်တို့၏ သဘောရှိ
သည့်၏အဖြစ်ကြောင့်။ အနတ္ထံ၊ အကျိုးမဲ့ကို။ ကရောန္တေပိ၊ ပြုသည်
လည်းဖြစ်သော။ ပရေ၊သူတပါး၌။ ဝေရိသညာဝ၊သည်ပင်လျှင်။ နုပ္ပဇ္ဇ
တိ၊မဖြစ်။ ဟုယောဇနာ။ ။(အဘယ့်ကြောင့် အနတ္ထကိုပြုသောသူ၌
လည်းဝေရိသညာမဖြစ်နိုင်၊ စိတ်ခိုင်သနည်းဟု၊ကား။ မဟာပုရိသဇာ
တိကတ္တာဟူသည်။ ရှည်မြင့်စွာသောကာလပတ်လုံး လေ့လာခြင်းဖြင့်
ပြည့်စုံသောခန္တီမေတ္တာအနုဒ္ဒယာစသောဂုဏ်ပြည့်စုံသည်၏အဖြစ်ဖြင့်
မြတ်သောအဇ္ဈာသယရှိသောကြောင့်ဟူလို။ ။ထိုစကားဆိုသင့်၏။
တာဒိသဥဠာရအဇ္ဈာသယရှိသောသူမြတ်သည် သဗ္ဗသဟာအလုံးစုံကို
သည်းခံချို၍သူမယဉ်တစိုးတစိပြုကျင့်မိသည့်အပရာဓကိုမြက်မှုမမှတ်
သတည်း။ထိုသို့သူမယဉ်ရိုင်းပြ၍ပြုကျင့်သည့်အပရာဓကိုမြက်မှုမမှတ်
သောကြောင့်၊ အနတ္ထံကရောန္တေပိ ပရေဝေရိသညာဝ နုပ္ပဇ္ဇတိ၊ မိန့်
သော်)။ ။တေနယောဂိနာ၊သည်။(ဗျာပါရောဝနကာတဗ္ဗော၊စပ်)။ ။
မဇ္ဈတ္တေ၊မဇ္ဈတ္တပုဂ္ဂိုလ်၌။ မေ၊၏။ မေတ္တာစိတ္တံ၊သည်။ ကမ္မနီယံ၊သည်။
ဇာတံ၊ပြီ။ဣဒါနိ၊၌။နံ၊ထိုမဇ္ဈတ္တပုဂ္ဂိုလ်ကို။ ဝေရိမှိ၊ဝေရိအဖြစ်၌။ဝါ၊သို့။
ဥပသံဟာရာမိ၊အံ့။ ဣတိ၊သို့။ ဗျာပါရောဝ၊အားထုတ်ခြင်းကိုပင်လျှင်။ န
ကာတဗ္ဗော၊အပ်။ ။(ယင်းသို့သော်မဇ္ဈတ္တတောဝေရိပုဂ္ဂလေမေတ္တာ
ဘာဝေတဗ္ဗာဟူသောရှေးစကားနှင့်မဆန့်လှဲပြီလောဟု၊ကား။ ယသ္မာပ
နအတ္ထိ၊တံသန္ဓာယဝုတ္တံ၊ဟူသည်)။ ။ပန၊ပါး။ယသ္မာ၊အား။ ဝေရိပုဂ္ဂ
လော၊သည်။ အတ္ထိ၊၏။ (ဆောင်၍စပ်)။ တံ၊ထိုဝေရိပုဂ္ဂိုလ်ရှိသည်ကို။
သန္ဓာယ၊ ၍။ မဇ္ဈတ္တတောဝေရိပုဂ္ဂလေမေတ္တာဘာဝေတဗ္ဗာတိ၊ ဟူ၍။
ဝုတ္တံ၊ပြီ။ ပန၊ဆက်။ ဝေရိမှိ၊၌။စိတ္တံ၊ကို။ ဥပသံဟရတော၊သော။အဿ
ယောဂိနော၊အား။ တေနဝေရိနာ၊သည်။ ကတာပရာဓာနုဿရဏေန၊
ပြုအပ်သောအပြစ်ကိုအဘန်ဘန်အောက်မေ့မိသဖြင့်။ ဝါ၊အောက်မေ့
မိခြင်းကြောင့်။ ပဋိဃံ၊ဒေါသသည်။ သစေဥပ္ပဇ္ဇတိ၊ဖြစ်ခဲ့အံ့။ အထ၊ထို
သို့ဖြစ်ခဲ့လတ်သော်။ အနေနယောဂိနာ၊သည်။ ပုရိမပုဂ္ဂလေသု၊ပိယအ

စရှိသော ဈာန်၏အာရုံဖြစ်ကုန်သောရှေးပုဂ္ဂိုလ်တို့တွင်။ ယတ္ထကတ္ထစိ၊ အမှတ်မဲ့တပါးပါးပုဂ္ဂိုလ်၌။ ပုနပ္ပုနံ၊လဲ။ မေတ္တံ၊ပဋိဃာကိုခွါ၍ ဖြစ်စေအပ်သောမေတ္တာဈာန်ကို။ သမာပဇ္ဇိတွာ၊၍။ ဝုဋ္ဌဟိတွာ၊မေတ္တာဈာန်မှထ၍။ပုနပ္ပုနံ၊လဲ။တံပုဂ္ဂလံ၊ထိုဝေရီပုဂ္ဂိုလ်ကို။ မေတ္တာယန္တေန၊မေတ္တာပွါးသည်ဖြစ်၍။ပဋိဃံ၊ကို။ ဝိနောဒေတဗ္ဗံ၊ပျောက်အပ်၏။ ။(အဘယ့်ကြောင့်ဤသို့ဟူသင့်အံ့နည်း။ရှေး၌ပင်ပဋိဃာကိုခွါ၍မေတ္တာဈာန်ကိုဖြစ်စေအပ်ပြီးဟုတ်လောဟူမူ။ ပုဗ္ဗေတသ္မိံ ပုဂ္ဂလေအသတိယာ အမနသိကာရေနပဋိဃံအနုပ္ပါဒေန္တဿ သာခါရဏာတောတံဝိက္ခမ္ဘေတွာဈာနဿဥပ္ပါဒနံသမာပဇ္ဇနဉ္စဝုတ္တံ။ ဣဒါနိပနတံအနုဿရန္တဿမနသိကရောန္တဿပဋိဃံဥပ္ပဇ္ဇတိ၊တံဝိဓိံဒဿေတုံဣဒံဝုတ္တံတံပုဂ္ဂလံမေတ္တာယန္တေနပဋိဃံဝိနောဒေတဗ္ဗန္တိ။ ယင်းစကားကို ပရဝါဒီမလှုပ်ချောက်နိုင်ခိုင်စေလို၍၊ မေတ္တာယနဓမ္မဝဟိ ဣဓပဋိဃဝိနောဒနမဓိပ္ပေတံ။ဋီကာ)။ ။ဧဝမ္ပိ၊သို့လည်း။ ဝါယမတော၊အားထုတ်သောယောဂီအား။ပဋိဃံ၊သည်။(ထည့်)။သစေနနိဗ္ဗာတိ၊အံ့။ အထ၊ထိုသို့မငြိမ်းလတ်သော်။ ကကစူပမဩဝါဒါဒီနံ၊ကကစူပမဩဝါဒအစရှိသည်တို့သို့။အနုဿရတော၊လျှောက်သောအားဖြင့်။ (ဆင်ခြင်သောအားဖြင့်ဟူလို)။ ပဋိဃဿ၊ကို။ ပဟာနာယ၊ပယ်ခြင်းငှါ။ ပုနပ္ပုနံ၊လဲ။ ဃဋိတဗ္ဗံဝါယမိတဗ္ဗံ၊ စေ့ဆော်ကြိုးကုတ် အားထုတ်အပ်၏။ တတ္ထဃဋနံဝါယမနံ၊ ကိုလည်း။ ဣမိနာအာကာရေန၊ ဤယခုဆိုလတ္တံ့သော အခြင်းအရာဖြင့်။ အတ္တာနံ၊ကို။ ဩဝဒန္တေနေဝ၊ဆုံးမသည်ဖြစ်၍သာလျှင်။ ဃဋိတဗ္ဗံ၊၏။ (အဘယ်သို့နည်း)။ ။အရေကုဇ္ဈနပုရိသ၊အချင်းအမျက်ထွက်လေ့ရှိသောယောကျ်ား။ ဘဂဝတာ၊သည်။ဥဘတောဒဏ္ဍကေန။ပ။ကရောတိ၊ဟူ၍၎င်း။တဿေဝ။ပ။ဥပသမ္မတီတိစ၊ဟူ၍၎င်း။ သတ္တိမေ။ပ။ပုဂ္ဂလံဝဒါမီတိစ၊ ဟူ၍၎င်း။ ဝုတ္တံနနု၊ ဟောတော်မူသည် မဟုတ်လော။ သောတွံ၊သည်။ဒါနိ၊ယခု။ဧဝံ၊သို့။ကုဇ္ဈန္တော၊အမျက်ထွက်ဘိမူ။ဘဂဝတော၊၏။သာသနကရော၊အဆုံးအမကိုလိုက်နာသည်။နစေဝဘဝိဿသိ၊မဖြစ်ရလတ္တံ့။ပဋိကုဇ္ဈန္တောစ၊အတုံ့အမျက်ထွက်လတ်ဘိမူလည်း။ ကုဒ္ဓပုရိသတောပိ၊ ရှေးဦး အမျက်ထွက်သော သူထက်လည်း။ ပါပိယော၊ယုတ်ချက်နာသည်။ ဟုတွာ၊၍။ ဒုဇ္ဇယံ၊လူသာမန်တို့အောင်နိုင်ခဲသော။သင်္ဂါမံ၊ဒေါသစစ်မြေကို။နဇေဿသိ၊မအောင်ရလတ္တံ့။အတ္တာ

ဝ၊သည်လည်း။ အတ္တနောဧ။ သပတ္တကရဏော၊ရန်သူတို့သည်ပြုအပ်
ကုန်သော။ခမ္မေစ၊တို့ကိုလည်း။ကရိဿတိ၊လတ္တံ့။ ဆဝါလာတူပမော
စ၊ သူကောင်ဖုတ်သော ထင်းမီးစ ဥပမာရှိသည်လည်း။ ဘဝိဿတိ၊
လတ္တံ့။ဣတိ၊သို့။ဩဝဒန္တေနေဝ၊၍သာလျှင်။ဃဋိတဗ္ဗံ၊၏။ ။ဘိက္ခဝေ၊
တို့။ဥဘတောဒဏ္ဍကေန၊နှစ်ဌာနတို့၌အရိုးရှိသော။ ကကစေန၊လွှကြီး
ဖြင့်။ ။(ဥဘတောဒ္ဒိသုဋ္ဌာနေသုဒဏ္ဍောဧတေဿာတိ ဥဘတောဒဏ္ဍ
ကံ။တေနဩစရကာလာမကာစာရာတိ)။ ။ဩစရကာလာမကာစာ
ရာ၊ယုတ်မာသောအကျင့်ရှိကုန်သော။စောရာ၊တို့သည်။အင်္ဂမင်္ဂါနိ၊တို့
ကို။ဧေပိဩကန္တေယျုံ၊အကယ်၍တိုက်ဖြတ်ကုန်ငြားအံ့။တတြာပိ၊ထို
အင်္ဂါကြီးငယ်တို့ကိုဖြတ်ရဉ္စကုန်သောသူတို့၌လည်း။ ယော၊သူသည်။
မနောပဒေါသေယျ၊နှလုံးပြစ်မှားရာ၏။သော၊သည်။တေနမနောပဒေါ
သေန၊ ဖြင့်။ မေ၊၏။ နသာသနကရော၊ အဆုံးအမကိုလိုက်နာသည်မ
မည်။ ။(သဗ္ဗပါပဿအကရဏံဟိသာသနံ)။ ။ယော၊သည်။ကုဒ္ဓံ၊
ကို။ ပဋိကုဇ္ဈတိ၊ အတုံ့အမျက်ထွက်၏။ သော၊သည်။ တေနပဋိကုဇ္ဈ
နေန၊ဖြင့်။ တသောဝ၊ထိုရှေးဦးအမျက်ထွက်သသူထက်လည်း။ ။
(နိဿက္ကေဟိဏ္ဍဇ္ဇံသာမိဝစနံ။ သမုစ္စယေစဧဝသဒ္ဒေါ)။ ။ပါပိယော
ပါပတရော၊ယုတ်တွင်းနက်သည်။ဟောတိ၊၏။ ။(ကည္မာ၊သာရန္တာ
ဒိကဿကိလေသာနုဗန္ဓဿဝဏ္ဏ[ဘာဝတော၊ကောဓေဿသာဝဏ္ဏတံ
ဥ တွာပိကုဇ္ဈနတော။ဣိကာဟိတ်)။ ။ကုဒ္ဓံ၊မိမိအားအမျက်ထွက်သ
သူကို။ အပ္ပဋိကုဇ္ဈန္တော၊ တဘန် ပြန်လျက် အမျက်တုံ့မထွက် သသူ
သည်။ ဒုဇ္ဇယံ၊လူသာမန်တို့အောင်နိုင်ခဲသော။ သင်္ဂါမံ၊စစ်မြေကို။ ဝါ၊
စစ်သည်ဗိုလ်ထုကို။ဇေတိ၊အောင်မြင်နိုင်သည်မည်ပေ၏။ ။သံကုပိ
တံ၊အမျက်ခြောင်းခြောင်းထွက်သော။ပရံ၊ကို။ဉ တွာ၊၍။ယော၊သည်။
သတော၊ သတိရှိသည်ဖြစ်၍။ ဥပသမ္မတိ၊ရေစရောက်လေ၊ မီးသို့သေ
လျက်၊တုံ့ချေမလဲ၊ငြိမ်းစဲစေ၏။သော၊သည်။အတ္တနောစ၊၏ငှင်း။ပရဿ
စ၊၏ငှင်း။ ဥဘိန္နံ၊နှစ်ဦးသောသူတို့၏။ဝါ၊နှစ်ပါးကုန်သော ဣဓလောက
ပရလောကတို့၏။ အတ္ထံ၊ကို။ စရတိ၊ကျင့်သည်မည်၏။ ။ဘိက္ခဝေ၊
တို့။ သပတ္တကန္တာ၊ ရန်သူတို့သည် နှစ်လိုအပ်ကုန်သော။ သပတ္တကရ
ဏာ၊ရန်သူတို့သည်ပြုအပ်ကုန်သော။ဣမေသတ္တဓမ္မာ၊တို့သည်။ကော
ဓနံ၊ အမျက်ထွက်လေ့ရှိသော။ ဣတ္ထိံ ဝါ၊သို့မူငှင်း။ ပုရိသံဝါ၊သို့မူငှင်း။

အာဂန္တုန္တိ၊ ရောက်ကုန်၏။ သတ္တာ၊တို့ဟူသည်။ ကတမေ၊တို့နည်းဟူမူကား။ ဘိက္ခဝေ၊တို့။ ဣဓ၊ဤလောက၌။ သပတ္တော၊ ရန်သူတယောက်သည်။ သပတ္တဿ၊ရန်သူတယောက်အား၊၏။ အယံ၊ ဤငါ့ရန်သူသည်။ ဒုဗ္ဗဏ္ဏော၊အဆင်းမလှသည်။အဿ၊ဖြစ်မူကား။ အဟော၀တ၊ကောင်းလေစွဩ။ဣတိဧဝံ၊ဤသို့အဆင်းမလှသည်၏အဖြစ်ကို။ ဣစ္ဆတိ၊အလိုရှိ၏။ တံ၊ထိုသို့ရန်သူတယောက်သည် ရန်သူတယောက်၏ အဆင်းမလှသည်၏အဖြစ်ကိုလို၏ဟူ၍ ငါဆိုခြင်းသည်။ ကိဿဟေတု၊အဘယ့်ကြောင့်နည်းဟူမူကား။ဘိက္ခဝေ၊တို့။သပတ္တော၊သည်။သပတ္တဿ၊၏။ ဝဏ္ဏဝတာယ၊အဆင်းပြည့်စုံသည်၏အဖြစ်ဖြင့်။နနန္ဒတိ၊မနှစ်သက်။ ။ (နန္ဒတိပုတ္တေဟိပုတ္တိမာကဲ့သို့ကရိယာ်းတည်း။ ။တနည်း။အဆင်းပြည့်စုံသည်၏အဖြစ်ကို။ ။ဥပယောဂတ္ထ၌ကရဏဝစနတည်း။ကောဓနောယံ၊ကို။ကောဓနော-အယံ၊ဖြတ်။ အယံကား နိပါတ်မျှသာဟူ၏)။ ။ ဘိက္ခဝေ၊တို့။ ကောဓနော၊ အမျက်ထွက်လေ့ရှိသော။ ကောဓာဘိဘူတော၊ ကောဓသည်နှိပ်စက်အပ်သော။ ကောဓပရေတော၊ ကောဓသည်အစဉ်လိုက်အပ်သော။ ဝါ၊ အမျက်သည် ပြင်းစွာ နှိပ်စက်အပ်သော။ ဝါ၊ အမျက်ဟူသော သူ့အလိုသို့လိုက်သော။ သောပုရိသပုဂ္ဂလော၊သည်။ သုန္ဟာတော၊ ကောင်းစွာနံ့သာရေမိုး ချိုးပြီးသည်။ သုဝိလိတ္တော၊ကောင်းစွာနံ့သာလိမ်းကျံအပ်ပြီးသည်။ ကပ္ပိတကေသမဿု၊ရိတ်ဖြတ်ပြုပြင်အပ်ပြီးသော ဆံမုတ်ဆိတ်ရှိသည်။ ဩဒါတ ဝတ္ထဝသနော၊ဖြူစင်သန့်ရှင်းသောအဝတ်ပုဆိုးကိုဝတ်သည်။ကိဥ္စာပိဟောတိ၊အကယ်၍ကား ဖြစ်၏ရှင့်။ အထခေါ၊ထိုသို့သော်လည်း။ သောပုရိသပုဂ္ဂလော၊သည်။ ကောဓာဘိဘူတော၊ဟူးဟူးထွက်သော အမျက်ကောဓနှိပ်စက်အပ်ရကား။ ဒုဗ္ဗဏ္ဏော၀၊ဘောက်ပြန်ခြင်းရော ရုပ်ဝါမလှသည်သာလျှင်။ဟောတိ၊၏။ ။(ပြကတေ့အားဖြင့်အဆင်းပြည့်စုံသည်ဖြစ်မှုလည်း၊အပေါ်ထပ်မံ တန်ဆာဆင်ခြင်းနှင့်စပ်မူလည်း။ မျက်နှာဘော်ပြန်ခြင်းစသည်၏အစွမ်းဖြင့် ဝိရူပသာလျှင်ဖြစ်၏ဟူလို။ ။ကောဓနှိပ်စက်ခြင်း၏ ယခုမျက်မြင် ပစ္စုပ္ပန်၌ဒုက္ခ၊ နောင်သံသရာ၌ဒုက္ခ၊ ဤသည်ကား ဇကန္တကဖလတည်းဟုပြခြင်း၌၊။ ဒုဗ္ဗဏ္ဏော၀ဟုအ၀ဓာရဏကိုပြုပြီး၍ တဘန်ကောဓာဘိဘူတောဟောပြန်လတ်သော်။ ကောဓာဘိဘူတော၌ပိုဒ်။ နိဂုံးချုပ်ခြင်း၌ အယံဘိက္ခဝေ စသည်ကို ဆင့်သည်

မှတ်)။ ။ဘိက္ခဝေ၊တို့။ပဌမော၊သော။သပတ္တကန္တော၊ရန်သူတို့သည် နှစ်လိုအပ်သော။ သပတ္တကရဏော၊ရန်သူတို့သည်ပြုအပ်သော။ အယံ ခမ္ဘော၊ဤဘောက်ပြန်ခြင်းရာ ရုပ်ဝါမလှသောသဘောသည်။ကောဓနံ၊ အမျက်ထွက်လေ့ရှိသော။ ဇာတ္တိ ဝါ၊သို့ရင်း။ပုရိသံဝါ၊သို့ရင်း။ အာဂစ္ဆ တိ၊ရောက်၏။ ဘိက္ခဝေ၊တို့။ပုနစ၊တဘန်လည်း။ ပရံ၊တပါး‌တုံ။ဝဒါမိ၊ ဟောဦးအံ့။ သပတ္တော၊ ရန်သူသည်။ သပတ္တဿ၊အား၊၏။ အယံ၊ဤသူ သည်။ဒုက္ခံ၊ကို။ ပသေယျ၊တွေ့စေချင်၏။တွေ့ပါလေက။ တွေ့ပါဘိမူ။ အဟောဝတ၊ ကောင်းလေစွဩ။ ဇာတိဇေဝံ၊သို့။ ဝါ၊ ဤသို့ဆင်းရဲတွေ့ သည်၏အဖြစ်ကို။ ဇာ ဿတိ၊၏။ပ။ နပရရတ္တော့နပဟုတခနော၊မြောက် မြားသောဉစ္စာမရှိသည်။ အဿ၊ဖြစ်ဘိမူ။(တနည်း)။ ပရရတ္တော့ပဟု တခနော၊မြောက်မြားသောဉစ္စာရှိသည်။နအဿ၊မဖြစ်ပါမူ။ အဟော ဝတ၊ဩ။ ဇာတိဇေဝံ၊သို့။ ဇာဿတိ၊၏။ နဘောဂဝါဉပဘောဂပရိဘောဂ ဝတ္ထု၊ရဟိတော၊အတွင်းအပအသုံးအဆောင် အိမ်ထောင်ခမ်းနားရှား ပါးမဲ့ပွဲသည်။အဿ၊ဖြစ်ဘိမူ။ အဟောဝတ၊ဩ။ဇာတိဇေဝံ၊သို့။ ဇာဿတိ၊ ၏။နယသဝါ၊အကျော်အစောမဲ့သည်။အဿ၊မူ။အဟောဝတ၊ဩ။ဇာတိ ဇေဝံ၊သို့။ဇာဿတိ၊၏။ နမိတ္တဝါ၊အဆွေခင်ပွန်းမဲ့သည်။ အဿ၊မူ။အဟော ဝတ၊ဩ။ဇာတိဇေဝံ၊သို့။ဇာဿတိ၊၏။ ကာယဿ၊ဉပါဒိဏ္ဏခန္ဓာ၏။ဘေဒါ၊ ပျက်ခြင်းဟုဆိုအပ်သော။ မရဏာ၊ စုတိကျသည်မှ။ ပရံ၊၌။ သုဂတိံ၊ ကောင်းမှုရှိသောသူတို့သည် လားအပ်သော။ ဝါ၊ ကောင်းသောဂတိ ဖြစ်သော။သဂ္ဂံ၊ရူပါရုံစသောကာမဂုဏ်တို့ဖြင့်ကဲလွန်သော။လောကံ၊ လူ့ပြည်နတ်ရပ်သို့။နဉပပဇ္ဇေယျ၊မကပ်မရောက်ပါပြောအံ့။အဟောဝ တ၊ဩ။ဇာတိဇေဝံ၊သို့။ ဇာဿတိ၊၏။ တံ၊ထိုသို့ငါဟောခြင်းသည်။ ကိဿ ဟေတု၊ကား။ဘိက္ခဝေ၊တို့။သပတ္တော၊သည်။သပတ္တဿ၊၏။ သုဂတိဂ မနေန၊သုဂတိသို့လားခြင်းဖြင့်။ဝါ၊ကို။ နနန္ဒတိ၊မနှစ်သက်။ ။(နန္ဒတိ ပုတ္တေဟိပုတ္တိမာကဲ့သို့ နန္ဒတိအယှဉ် တတိယာနေသင့်သည် သဒ္ဒနိတိ လာသည်)။ ။ဘိက္ခဝေ၊တို့။ ကောဓနော၊အမျက်ထွက်လေ့ရှိသော။ ကောဓာဘိဘူတော၊ ကောဓသည် နှိပ်စက်အပ်သော။ ကောဓပရေ တော၊ကောဓသည်အစဉ်လိုက်အပ်သော။ အယံပုရိသပုဂ္ဂလော၊ဤအ မျက်ကိုအလိုလိုက်သောပုဂ္ဂိုလ်သည်။ကာယေန၊ဖြင့်။ဒုစ္စရိတံ၊ကို။စရ တိ၊၏။ဝါစာယ၊ဖြင့်။ဒုစ္စရိတံ၊ကို။စရတိ၊၏။မနသာ၊ဖြင့်။ ဒုစ္စရိတံ၊ကို။စ

ရတိ၊၏။ သောပုရိသပုဂ္ဂလော၊ မျက်မာန်ချုပ်တည်း သည့်ခံခြင်းကိုမ
ပြု၊ဒုစရိုက်ကိုကျင့်မှားသော ယောကျ်ားပုဂ္ဂိုလ်သည်။ ကောဓာဘိဘူ
တော၊ကောဓနှိပ်စက်အပ်ရကား။ကာယေန၊ဖြင့်ရင်း။ဝါစာယ၊ဖြင့်ရင်း။
မနသာ၊ဖြင့်ရင်း။ ဒုစ္စရိတံ၊ကို။စရိတွာ၊ကျင့်မှား၍။ ကာယဿ၊၏။ဘေ
ဒါ၊သော။ မရဏာ၊မှ။ ပရံ၊၌။ အပါယံ၊ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊မ
ကောင်းမှုကိုပြုသောသူတို့သည် လားအပ်သော။ ဝါ၊မကောင်းသော
ဂတိဖြစ်သော။ ဝိနိပါတံ၊ရုတ်ပြတ်သောကိုယ်ရှိသည်ဖြစ်၍ ကျရာဖြစ်
သော။ဝါ၊မိမိအလိုကင်းလျက်ကျရာဖြစ်သော။နိရယံ၊ငရဲသို့။ဥပပဇ္ဇတိ၊
ကပ်ရောက်ရ၏။ဘိက္ခဝေ၊တို့။ သေယျထာပိ၊ကား။ ဥဘတောပဒိတ္တံ၊
နှစ်ဘက်အစွန်းတို့၌ လောင်ထသော။ မဇ္ဈေဂူထဂတံ၊အလယ်၌ချေးမ
စင်လိမ်းကပ်အပ်ထသော။ ဆဝါလာတံ၊ သူကောင်ဖုတ်သောထင်းစ
သည်။ဝါ၊တံရှူးဝါးသည်။ ။(ဆဝါလာတန္တိ ဆဝဒဟနာလာတံ။ စိတ
ကာယံသန္တဇ္ဇနမ္မုက္ကန္တိ ပိဝဒန္တိ)။ ။ဂါမေ၊၌။ ကဋ္ဌတ္ထံ၊ထင်းကိစ္စကို။
ဝါ၊သစ်ကိစ္စကို။နေဝဖရတိနသာခေတိ၊မပြီးစေ။အရညေ၊၌။ကဋ္ဌတ္ထံ၊
ကို။ နဖရတိယထာ၊စေ၏သို့။ ဘိက္ခဝေ၊တို့။ ။(သောစဟောတိအ
ဘိဇ္ဈာလု၊ဤသို့စသည်ဖြင့်အောက်၌ဟောအပ်ပြီးသောပုဂ္ဂိုလ်ကိုရည်
၍ဘုရားမြတ်စွာဇ္ဈာမံပဟုဟောတော်မူရင်းတည်း။ထိုကြောင့် ထိုပါဠိရင်း
၌။ဇ္ဈာမံပုရိသပုဂ္ဂလံ၊ကာမတို့၌ တိဗ္ဗသာရာဂစသဖြင့် သီလကင်းသော
ဤပုရိသပုဂ္ဂိုလ်ကို-ဟူသောအနက်ကိုလိုအပ်၏။သို့သော်လည်း။ ဤ၌
ကောဓာဘိဘူတအရာဝယ်ဥပမာဆောင်ရကား။ ဇ္ဈာမံပုရိသပုဂ္ဂလံ၊ဗျာ
ပန္နစိတ္တပဒုဋ္ဌမနသင်္ကပ္ပရှိသော ဤပုရိသပုဂ္ဂိုလ်ကို-ဟူသောအနက်ကို
လိုအပ်၏)။ ။ဇ္ဈာမံပုရိသပုဂ္ဂလံ၊ဗျာပန္နစိတ္တပဒုဋ္ဌမနသင်္ကပ္ပရှိသော ဤ
ပုရိသပုဂ္ဂိုလ်ကို။တထူပမံ၊ထိုထင်းကလားလျှင် ဥပမာရှိသောသူဟူ၍။
အဟံ၊သည်။ဝဒါမိ၊၏။ ။(သောဒါနိတွံ ဤသို့စသည်ကား။ ယထာ
ဝုတ္တသုတ္တပဒတို့ဖြင့် မိမိအားဆုံးမသောအခြင်းအရာကိုပြသောစကား
တည်း)။ ။ဧဝံ၊ဤသို့သောနည်းဖြင့်။ ဿဒ္ဓုယတော၊စေ့ဆော်လျက်။
ဝါယမတော၊အမျက်ပျောက်မှုလုံ့လပြုသော။ တဿ၊ထိုယောဂီအား။
ဧတံပဋိဃံ၊ထိုအမျက်ပဋိဃာတ်သည်။သစေဝူပသမ္မတိ၊အကယ်၍ငြိမ်း
သည်ဖြစ်အံ့။ဇ္ဈာဒွေတံ၊ဤသို့ပညာထိန်း၍ မှိန်းအောင်ဆုံးမသဖြင့် ကော
ဓငြိမ်းခြင်းသည်။ ကုသလံ၊ကောင်း၏။ ဝါ၊အပြစ်မရှိ။ နောစေဝူပသမ္မ

တိ၊ အမျက်ခိုင်သဖြင့်မငြိမ်းနိုင်သည်ဖြစ်အံ့။ အထ၊ထိုသို့မငြိမ်းခဲ့သော်။
တဿပုဂ္ဂလဿ၊ထိုမိမိရန်သူဖြစ်သော ပုဂ္ဂိုလ်၏။ ယောယောဓမ္မော၊
ကာယသမာစာရစသည်တို့တွင်အကြင်အကြင်သုစရိတဓမ္မသည်။ဥပ
သန္တော၊သံယတော၊ ကောင်းစွာစောင့်စည်းအပ်သည်။ ပရိသုဒ္ဓေါ၊ကိ
လေသမလကင်းသဖြင့် စင်သန့်သည်။(တနည်း)။ ဥပသန္တော၊ကိလေ
သဒါဟမရှိသဖြင့်ငြိမ်းဧးသည်။ ပရိသုဒ္ဓေါ၊အနဝဇ္ဇအဖြစ်ဖြင့်စင်ကြယ်
သည်။ဟောတိ၊၏။ အနုဿရိယမာနော၊အောက်မေ့သည်ရှိသော်။ ပ
သာဒံ၊စိတ်၏ကြည်ခြင်းကို။ အာဝဟတိ၊ဆောင်တတ်၏။တန္တံ ဓမ္မံ၊ကာ
ယသမာစာရစသည်တို့တွင် သုစရိတဓမ္မထိုထိုကို။ အနုဿရိတွာ၊အ
ဘန်တလဲလဲအောက်မေ့၍။ အာဃာတော၊ရန်ငြိုးကို။ပဋိဝိနေတဗ္ဗော၊
ဖျောက်အပ်၏။ ဟိဝိတ္ထာရေမိ၊အံ့။ ကေစဿ၊အချို့သသူအား။ ကာယ
သမာစာရောဝ၊ကိုယ်အကျင့်သည်သာလျှင်။ ဥပသန္တော သံယတော၊
သည်။ဟောတိ၊၏။ ။(ထိုပုဂ္ဂိုလ်၏ ကာယသမာစာရ၏သာလျှင်ဥပ
သမကား အဘယ့်ကြောင့်နည်း။ ကာယသမာစာရသောဝဥပသမော
စိရကာလံ သံယတကာယကမ္မတာယဝေဒိတဗ္ဗော။ ဝံသေသေသုပိ။
ဋီကာ)။ ။စ၊ဆက်။ဗဟုံ၊များစွာ။ဝတ္တပဋိပတ္တိ၊ဝတ်ကိုဖြည့်ကျင့်ခြင်း
တည်းဟူသောကောင်းသောအကျင့်ကို။ကရောန္တဿ၊ပြုသည်ဖြစ်၍။
ဝါ၊ပြုသည်၏အဖြစ်ကြောင့်။ အဿ၊ထိုသူ၏ကာယသမာစာရ၏။ ဥပ
သန္တဘာဝေါ၊ကောင်းစွာစောင့်စည်းအပ်သည်၏အဖြစ်ကို။သဗ္ဗဇနေ
န၊ခပ်သိမ်းသသူသည်။ ဉာယတိ၊သိအပ်၏။ ပန၊ဗျတိရိက်ကိုဆိုအံ့။ ဝစီ
သမာစာရမနောသမာစာရာ၊ တို့သည်။ အဝူပသန္တာအသံယတာ၊ မ
စောင့်စည်းမထိန်းသိမ်းအပ်ကုန်သည်။ဟောန္တိ၊ကုန်၏။ တဿ၊ထိုသူ
၏။တေဝစီမနောသမာစာရေ၊တို့ကို။အစိန္တေတွာ၊မကြံမူ၍။ ကာယသ
မာစာရ ဝူပသမောယေဝ၊ ထိန်းသိမ်းစောင့်ရှောက်အပ်သော ကာယ
သမာစာရ၏ငြိမ်းခြင်းကိုသာလျှင်။အနုဿရိတဗ္ဗော၊၏။ကေစဿ၊၏။
ဝစီသမာစာရောဝ၊ သည်သာလျှင်။ ဥပသန္တော၊သည်။ ဟောတိ၊၏။
စ၊ဆက်။အဿ၊ထိုသူ၏ဝစီသမာစာရ၏။ဥပသန္တဘာဝေါ၊ထိန်းသိမ်း
စောင့်ရှောက်အပ်သည်၏အဖြစ်ကို။ သဗ္ဗဇနေန၊ သည်။ ဉာယတိ၊၏။
ဟိတပ္ပါကရဏံ ကရောမိ၊ အံ့။ သောဥပသန္တ ဝစီသမာစာရ ပုဂ္ဂလော၊
သည်။ ပကတိယာဝ၊ သာလျှင်။ ပဋိသန္ထာရကုသလော၊ စေ့စပ်ခြင်း၌

လိမ္မာသည်။ ။(ယထာပရေဟိဆိဒ္ဒနပေါတိ၊ဇဝံ)။ ။သခိလော၊ သည်းခံခြင်းခန္တီဟုဆိုအပ်သော ပြေပြစ်သောအဖြစ်နှင့်ပြည့်စုံသည်။ သုခသမ္ဘာသော၊ချစ်ဘွယ်သောစကားရှိသည်။(နားချမ်းသာစွါအသင့် ဆိုမိန့်တတ်သည်)။သမ္မောဒကော၊ အညီအညွတ်နှီးနှောခြင်းကိုဖြစ်စေ တတ်သောစကားဖြင့် နှီးနှောလေ့ရှိသည်။ (အညီအညွတ်ဝမ်းမြောက် ဝမ်းသာ ပြုံးပြုံးချိုချို ဆိုမိန့်လေ့ရှိသည်)။ ဥတ္တာနမုခေါ၊ ပီတိသောမ နသ၏ အစွမ်းဖြင့် မျက်နှာပန်း ပွင့်သည်။ (ပန်းပွင့်ကဲ့သို့ တင့်တယ် သောမျက်နှာရှိသည်လည်းဟူ။ ။ဝိကုဇိတမုခေါအဟုတ္တာပီတိသော မနသာဝသေနဝိကာသိတမုခေါ။ဋီကာ။ ။အဘာကုဋိကာဥတ္တာနမုခေါ ပုဗ္ဗဘာသိနောဟူသော တေရသကဏ်ပါဠိကိုမှီ၍ ဘာကုဋိကော အ ဟုတ္တာဝင်း၊ဘာကုဋိတမုခေါအဟုတ္တာဝင်း ဟူသင့်လျက်။ကုဋိ-ကုဇ- ခတုနှစ်ယကို ကြေဥ္စကြံ၍၊ဝိကုဇိတမုခေါ၊ဟူသည်။ ဝိကုဇိတမုခေါ၊ ရှုံ့တွမျက်နှာရှိသည်ပေး။ဝိကုဏိတမုခေါဟူ၍လည်းပါဌ်ရှိ၏။ကြေဥ္စ ပင်ယူ)။ ။ပုဗ္ဗဘာသီ၊တစုံတယောက်နှင့်တွေ့ဆုံမိကပဋိသန္ဓာရအရေး နှုတ်မလေးဘဲ ရှေးဦးဆိုမိန့်လေ့ရှိသည်။ဟောတိ၊၏။ မဓုရေန၊သော။ သရေန၊ဖြင့်။ ဓမ္မံ၊ကို။ ဩသာရေတိ၊သရဘညအစွမ်းဖြင့်ရွတ်၏။ သ ရဘာနမ္ပန၊ အသံဖြင့်ရွတ်ဘတ်ခြင်းကိုကား။ ကရောန္တော၊ ပြုသည်ရှိ သော်။(ထည့်)။ ပရိမဏ္ဍလေဟိပရိပုဏ္ဏေဟိ၊ကုန်သော။ အဗျာကုလေ ဟိ။(ထည့်)။ နှောင့်ရှက်လူးလည်းခြင်းမရှိ၊ သန့်ရှင်းသိသာ ကြာဆံနွယ် သကဲ့သို့ဖြစ်ကုန်သော။ ပဒဗျဉ္ဇနေဟိ၊ပုဒ်ဝါကျတို့ဖြင့်။ ဓမ္မကထံ၊ကို။ ကထေတိ၊၏။ပန၊ဗျတိရိက်ကိုဆိုအံ့။ ကာယသမာစာရမနောသမာစာ ရာ၊တို့သည်။အဂ္ဂုပသန္တာ၊ကုန်သည်။ဟောန္တိ၊ကုန်၏။တဿ၊ထိုသူ၏။ တောကာယမနောသမာစာရေ၊တို့ကို။ အစိန္တေတွာ၊၍။ ဝစီသမာစာရ ဂူပသမောယေဝ၊ကိုသာလျှင်။အနုဿရိတဗ္ဗော၊၏။ကေဝလဿစ၊ အား။ မနောသမာစာရောဝ၊သည်သာလျှင်။ဥပသန္တော၊သည်။ ဟောတိ၊၏။ စ၊ဆက်။ အဿ၊ထိုသူ၏မနောသမာစာရ၏။ ဥပသန္တဘာဝေါ၊သည်။ စေတိယဝန္ဒနာဒီသု၊တို့၌။သက္ကစ္စကိရိယာယ၊ရိုသေစွါပြုသောအမှုဖြင့်။ (ထံည့်)။ သဗ္ဗဇနဿ၊အား။ပါကဋော၊သည်။ ဟောတိ၊၏။ ။(ထိုသို့ သက္ကစ္စကိရိယာဖြင့် ထင်ရှားသောကြောင့် မဟုတ်လော။ ယောဟိ စ သည်ကိုမိန့်သကား)။ ။ဟိတပ္ပါကဝံကရောမိ၊အံ့။ ယော၊အကြင်သူ

သည်။ အနုပသန္တစိတ္တော၊ မငြိမ်သက်သောစိတ်ရှိသည်။ ဝါ၊ မထိန်း
သိမ်းမစောင့်ရှောက်အပ်သော စိတ်ရှိသည်။ ဟောတိ၊ ၏။ သော၊ ထိုမ
ငြိမ်သက်သောစိတ်ရှိသသူသည်။ စေတိယံဝါ၊ ကိုရင်း။ ဗောဓိံဝါ၊ ကို
ရင်း။ ထေရေဝါ၊ တို့ကိုရင်း။ ဝန္ဒမာနေ၊ သော်။ သက္ကစ္စံ၊ စွာ။ နဝန္ဒတိ၊ ရှိမ
ခိုး။ ဓမ္မသဝနမဏ္ဍပေ၊ ၌။ ဝိက္ခိတ္တစိတ္တောဝါ၊ ပျံ့လွင့်သောစိတ်ရှိသည်ဖြစ်
၍ရင်း။ ပစလာယန္တောဝါ၊ မျက်လွှာတလုပ်လုပ် ငိုက်မျဉ်းသည်ဖြစ်၍
ရင်း။ နိသီဒတိ၊ ၏။ ပန၊ ပါး။ ဥပသန္တစိတ္တော၊ ငြိမ်သက်သောစိတ်ရှိသသူ
သည်။ ဩကပ္ပေတွာ၊ ယုံကြည်၍။ ဝန္ဒတိ၊ ၏။ ဩဟိတသောတော၊ စိုက်
သောနားရှိသည်ဖြစ်၍။ (သုသုသန္တောတိအတ္ထော)။ ဓမ္မံ။ (ထည့်)။ ကို။
အဋ္ဌိံ၊ မိမိဥစ္စာကို။ ကတွာ၊ ၍။ ။(ဣမသ္မိံ ဝိကပ္ပေ အတ္ထသဒ္ဒေါ ဓနဝါစ
ကော။ ဣသဒ္ဒော။ ကရဓါတုယောဂေ ဋ္ဌကာရာဂမော)။ ။(တနည်း)။
အတ္တာန်၊ ကို။ ဓမ္မေန၊ သူတော်ကောင်းတရားဖြင့်။ အဋ္ဌိံ၊ သည်းသော
ဆန္ဒရှိသည်ကို။ ကတွာ၊ ၍။ (ဣမသ္မိံ ပန ဝိကပ္ပေ အတ္ထသဒ္ဒေါ ဆန္ဒပရိယာ
ယော။ အတ္ထော အဿ အတ္ထီတိ နိဗ္ဗစန်။ ဆန္ဒရှိသည်ကိုပြု၍ ဟူသည်။
သည်းသောဆန္ဒရှိသည်ဖြစ်၍ဟူလိုသည်။ ထို့ကြောင့် အတ္ထကောဝါ
ဟုဘွာဟုဋီကာမိန့်သတည်း။ ။ဗဟုကေစ ပသံသာယံ၊ နိဋ္ဌာယဉ္စာတိ
သာယနေ။ နိစ္စယောဂေ စသံသဂ္ဂေ၊ ဟောန္တိမေမန္တု[အာဒယော-ဟူရ
ကား။ ဤဋ္ဌိအတိသယဋ္ဌဖြစ်၍သည်းသောဆန္ဒဟူသည်)။ ။ကာယေန
ဝါ၊ ဖြင့်ရင်း။ ဝါစာယဝါ၊ ဖြင့်ရင်း။ စိတ္တပ္ပသာဒံ၊ စိတ်၏ကြည်ခြင်းကို။ က
ရောန္တော၊ လျက်။ ဓမ္မံ၊ ကို။ သုဏာတိ၊ ၏။ ဉာတိ၊ သို့။ ဧကစ္စဿ၊ အား။ မနော
သမာစာရောဝ၊ သည်သာလျှင်။ ဥပသန္တော၊ ငြိမ်သက်သည်။ ဟောတိ၊
၏။ ကာယဝစီသမာစာရာ၊ တို့သည်။ အနုပသန္တာ၊ ကုန်သည်။ ဟောန္တိ၊
ကုန်၏။ တဿ၊ ထိုမနောသမာစာရသာငြိမ်သက်သောသူအား။ တေ၊
ထိုမငြိမ်သက်သော ကာယဝစီသမာစာရတို့ကို။ အစိန္တေတွာ၊ မကြံမူ
၍။ မနောသမာစာရူပသမောယေဝ၊ ငြိမ်သက်သောမနောသမာစာရ
ကိုသာလျှင်။ အနုဿရိတဗ္ဗော၊ ၏။ ပန၊ ပါး။ ဧကစ္စဿ၊ အား။ တီဏိ၊ ကုန်
သော။ ဣမေသုဓမ္မေသု၊ ဤကာယသမာစာရ၊ ဝစီသမာစာရ၊ မနောသ
မာစာရတို့တွင်။ ဧကောပိ၊ တပါးပါးမျှလည်း။ အနုပသန္တော၊ မငြိမ်
သက်သည်။ ဟောတိ၊ အံ့။ ။(ဧကောပိနုပသန္တောဟောတိ၊ ဟူ၍
ရင်း။ အနုပသန္တော၊ ဟူ၍ရင်းပါဌ်ရှိ၏။ ဒွယမေတံ ဧကတ္ထံ)။ ။တသ္မိံ

ပုဂ္ဂလော၊ကိုယ်နှုတ်နှလုံး သုံးထွေအကျင့်ညစ်၍ ပစ္စုဋ္ဌိ၊ရှိဖြစ်သော ထို
ပုဂ္ဂိုလ်၌။(ကာရည်ဥပဗ္ဗပေတဗ္ဗံ၌စပ်)။ ။ဒေသေသော၊ဤသူကား။ဇ္ဇာဒါ
နိ၊ယခုမျက်မြင်ဘဝ၌သာလျှင်။ မနုဿလောကေ၊၌။ ကိစ္ဆာပိစရတိ၊အ
ကယ်၍ကား သွားလာကျင်လည်ရ၏။ အထခေါ၊စင်စစ်မူကား။ ကတိ
ပါဟာဿ၊ နှစ်ရက်သုံးရက်၏။ အစ္စယေန၊လွန်သကာလ၌။ (ဘုမ္မတ္ထေ
စေတံကရဏဝစနံ။ ။ဤသို့သော ပုဂ္ဂိုလ်သည်။ တခုသောနိရယမှ
တခုသော နိရယသို့ရောက်၍ ကာလရှည်လျှားစွာငရဲ၌သာ ကျင်လည်
ရှာရလတ္တံ့.ဟုပြခြင်း၌ါအဋ္ဌမဟာနိရယ။ပ။ဘဝိဿတိ။မိန့်သော်)။ ။
အဋ္ဌမဟာနိရယ သောဠသဥဿဒ္ဒနိရယ ပရိပူရကော၊ ရှစ်ထပ်သော
ငရဲကြီး၊တဆဲ့ခြောက်လုံးသောဥဿဒ္ဒရက်ငရဲပြည့်ကိုပြည့်စေသည်။ဘ
ဝိဿတိ၊ဖြစ်ရှာလေလတ္တံ့.။ ဇ္ဇာတိ၊သို့။ကာရည်၊သနားကျင်နာကရုဏာ
ကို။ ဥပဗ္ဗပေတဗ္ဗံ၊ ဖြစ်စေအပ်၏။ (မဟာဒုက္ခဘာဂီဘာဝတောပဋ်တ်။
ကရုဏာဝေကာရည်မူ။ရူပသိဒ္ဓိ။ ။သဉ္ဇီဝါဒယောအဋ္ဌမဟာနိရယာ၊
အဝိစိမှ...ာနိရယာသန္တိ၊ရေခွါရေစတ္တာရောစတ္တာရောကတွာကုက္ကုဠဒ္ဓ
ဒယော သောဠသဥဿဒ္ဒနိရယာ။ဋီကာ။ ။ယင်းသို့သော်ကရုဏာ
အားဖြင့် ဒုက္ခာပနယနကာမ အဖြစ်သည်သာ တည်ရာသည် မဟုတ်
လော။ ကရုဏာကိုစွဲ၍ အာဃာတငြိမ်းပါသလောဟု၊ ကား။ အကြင်
ပုဂ္ဂိုလ်၌အဝိဟောသာဖြစ်သောဒုက္ခာပနယနကာမအဖြစ်သည်တည်၏။
ထိုပုဂ္ဂိုလ်၌ပဋိဃသည် အခွင့်မရသလျှင်ကတည်းဟု ပြခြင်း၌ါ။ ကာ
ရုညမ္ပိဟိပဋိဃအာဃာတော ဂူပသမ္မတိ မိန့်သော်)။ ။ဟိသစ္စံ၊ ၏။
ကာရုညမ္ပိ၊ ကရုဏာကိုလည်း။ ပဋိစ္စ၊၍။ အာဃာတော၊ရန်ငြိုးဖွဲ့ခြင်း
သည်။ဂူပသမ္မတိ၊ငြိမ်း၏။ကေစ္စဿ၊အချို့သောပုဂ္ဂိုလ်အား။တယောပိ၊
ကုန်သော။ ဇ္ဇာမေဓမ္မာ၊ ဤကာယဝစီမနောသမာစာရတရားတို့သည်။
ဂူပသန္တာ၊ တည်ကြည်ငြိမ်သက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။တဿ၊
၏။ ယံယံ၊ ကာယသမာစာရအစရှိသောတရားသုံးပါးတို့တွင် အကြင်
အကြင်တရားကို။ ဇ္ဇာ္ဆတိ၊၏။ တံတံ၊ကို။ အနုဿရိတဗ္ဗံ၊၏။ ။(အ
ဘယ့်ကြောင့်သုံးပါးလုံးကိုမယူမူ၍ အလိုရှိရာကိုသာယူဟူသနည်းဟူ
မူကား၊ တာဒိသေဟိပုဂ္ဂလေ နဒုက္ကရာဟောတိ မေတ္တာဘာဝနာ၊ မိန့်
သော်)။ ။ဟိယသ္မာ၊ကြောင့်။ တာဒိသေ၊ ထိုသုံးပါးသောသမာစာရ
မလိပ်မလည်း စည်းမျဉ်းသေ၍ ကောင်းတောငြိမ့်လေးသောသဘောရှိ

သော။ပုဂ္ဂလော၊ပုဂ္ဂိုလ်မြတ်၌။ မေတ္တာဘာဝနာ၊သည်။ ဒုက္ကရာ၊ခဲယဉ်း
ပြီးပြင်သည်။နဟောတိ၊မဖြစ်။ဣတိတသ္မာ၊ ကြောင့်။အနုသာရိတဗ္ဗံ၊ဖျို။
စ၊ ဆက်။ ဣမဿအတ္ထဿ၊ ယောယောခမ္မောစသည်ဖြင့်ဆိုအပ်ပြီး
သော၍အနက်ကို။ အာဝိဘာဝတ္ထံ၊ဌါ။ ပဋိမေအာဝုသော။ပ။ပဋိဝိနော
ဒေတဗ္ဗောတိ၊ ဟူသော။ ပဋ္ဌကနိပါတော၊ ၌။ ဣဒံအာဃာတပဋိဝိနယ
သုတ္တံ၊ ဤအာဃာတကိုပယ်ဖျောက်ခြင်းကိုဟောရာဖြစ်သောသုတ်ကို။
ဝိတ္ထာရေတဗ္ဗံ၊၍။အာဝုသော၊ရှင်။အာဃာတပဋိဝိနယာ၊ရန်ငြိုးကိုပယ်
ဖျောက်ကြောင်းဖြစ်ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ ပဉ္စ၊ တို့တည်း။
ယတ္ထ၊အကြင်ရန်ငြိုးဖွဲ့အပ်သောပုဂ္ဂိုလ်၌။ဘိက္ခုနော၊ ရန်တုံ့မူတတ်
သောရဟန်းအား။ဥပ္ပန္နော၊သော။ အာဃာတော၊ကို။ သဗ္ဗသော၊ဖြင့်။
ပဋိဝိနောဒေတဗ္ဗော၊၏။ ပန၊ဆက်။ အဿ၊ ထိုယောဂီအား။ ဧဝံ၊သို့။
ဝါယမတောပိ၊လုံ့လပြုပါသော်လည်း။ အာဃာတော၊ သည်။ သစေ
ဥပ္ပဇ္ဇတိယေဝ၊အကယ်၍တလုံလဲလဲဖြစ်မြဲသာလျှင်ဖြစ်သေးအံ့။ အထ၊
ထိုသို့ဖြစ်သည်ရှိသော်။အနေန၊သည်။ဧဝံ၊သို့။အတ္တာ၊ကို။ဩဝဒိတဗ္ဗော၊
၏။ ။ဝေရိနာ၊သည်။အတ္တနောဝိသယေ၊ဆင်းရဲစိမ့်သော၌ါတတ်နိုင်
စကောင်းသောသင်၏ကိုယ်၌။ ဒုက္ခံ၊ကို။တေ၊သင့်အား။ ယဒိကတံ၊အ
ကယ်၍ပြုလှာ ခပြေားအံ့။တွံ၊သည်။ကိံ၊ကြောင့်။ တဿ၊ထိုဝေရီ၏။အ
ဝိသယေ၊ ဆင်းရဲစိမ့်သော၌ါ မတတ်နိုင်သည်၏အဖြစ်ကြောင့်အရာမ
ဟုတ်သော၊သစိတ္တေ၊မိမိစိတ်၌။ ဒုက္ခံ၊ကို။ကတ္တုံ၊ဌါ။ဣစ္ဆသိ၊အလိုရှိဘိ
သနည်း။ ။(ယောဂိဘိက္ခု၏အကြင်ကာယကိုဝေရိသည်ဆင်းရဲစေ
ခြင်းငှါတတ်နိုင်၏။ ထိုကာယကို ထိုဝေရီ၏အစွမ်းဖြင့် အတ္တနောဝိသ
ယေဟူသည်။ ။ရန်သူသည်ဆင်းရဲပြုနိုင်လျှင် သင်၏ကိုယ်၌သာပြု
နိုင်ရာသည်။ သင်၏စိတ်၌ကားရန်သူငယ့် ဆင်းရဲပြုနိုင်အံ့သောအရာမ
ဟုတ်။ထိုသို့မဟုတ်ဘဲလျက် ရန်သူကိုအမျက်ထွက်၍စေတသိကဒုက္ခ
ကို သူဝမ်းမြောက်အောင်ဖြစ်စေချင်တော့သလောဟု ကိုယ်ကိုကိုယ်
ရှင်ဆုံးမအပ်၏ဟူလိုသော်)။ ။ဗဟူပကာရံ၊များစွာသောကျေးဇူးရှိ
ပေသော။ ရုဒံရုခံ၊ငိုသောမျက်နှာရှိသော။ ဉာတိဝဂ္ဂံ၊မိဘစသောဆွေ
မျိုးအပေါင်းကို။ ဟိတွာန၊ စွန့်နိုင်ပါလျက်လည်း။ မဟာနတ္ထကရံ၊ဣဓ
လောကတ္ထ-ပရလောကတ္ထ-ပရမတ္ထကို ချွတ်ယွင်းစေသည်၏အစွမ်း
ဖြင့်ပြန့်ပြောစွာလှ နာနာဝိဓဖြစ်သော ဒိဋ္ဌဓမ္မိကာဒိ ဘေဒအနတ္ထကို

ပြုတတ်သော။ သပတ္တံ၊ ရက္ခိုဟ်ဘီလူးကဲ့သို့ ပူးဝင် ကျရောက်တတ်
သော။ ။(ရက္ခသောဝိယသပတိတိသပတ္တံမှု)။ ။ကောဓံ၊အမျက်
ကိုကား။ကိ ံနဇဟာသိ၊အဘယ့်ကြောင့်မစွန့်ပါသနည်း။ဇဟာသိဧဝ
စွန့်နိုင်ကောင်းသလျှင်ကတည်း။ ။(ကျေးဇူးကြီးလှမိဘစသောဆွေ
မျိုးတို့ကိုပင် စွန့်နိုင်ပါလျက်။ ကျေးဇူးမရှိ နာနာဝိဓ အနတ္ထကိုသာပြု
တတ်သောအမျက်ဒေါသကိုကား အဘယ့်ကြောင့်မစွန့်နိုင်ဘဲ ရှိရသ
နည်း။အကျိုးစီးပွါးကိုလိုသောသင်သည့်စွန့်နိုင်ကောင်းပါ၏။ အမျက်
မထွက်လင့်၊ရန်ငြိုးမထားလင့်ဟု ကိုယ့်ရှင်ကိုယ်ကိုဆုံးမအပ်၏ဟုလို
သတတ်)။ ။သပ္ပုရိသ၊သူတော်ကောင်း။ တွံ၊သည်။ ယာနိသီလာနိ၊
တို့ကို။ရက္ခသိ၊၏။တေသံ၊ ထိုသီလတို့၏။မူလနိကန္တနံ၊ အမြစ်အရင်း
ဖြစ်သော ဟိရိဩတ္တပ္ပခန္တိ မေတ္တာ ကရုဏာတို့ကို ဖြတ်တတ်သော။
ကောဓံ၊ကို။ ။(ကောဓသည်အဘယ်သို့ဖြတ်သနည်း။ ကောဓောဟိ
ဥပ္ပဇ္ဇမာနေ၁ဝ ပါဏာတိပါတာဒိဝသေန ဟိရောတ္တပ္ပါဒိနိ ဥပစ္ဆိန္ဒတိ၊
ဇင်း)။ ။ဥပလာဠေသိ၊ဖြားယောင်းဘိ၏။ ဝါ၊စံပယ်စေဘိ၏။ တယာ၊
နှင့်။သဒိသော၊သော်။ဇဠောအန္ဓဗာလော၊ငမိုက်ကန်းသည်။ကောနာမ၊
အဘယ်မည်သသူသည်။အတ္ထိ၊ရှိသေးသနည်း။ ။ပဏ္ဍိတာ၊ရှိ။ပရေန၊
သူတပါးသည်။ အနရိယံ၊ယုတ်မာသော။ ကမ္မံ၊ ပြစ်မှားသောအမှုကို။
မေ၊အား။ကတံ၊လေပြီ။ဣတိ၊သို့။ယောတွံ၊သည်။ ကုဇ္ဈသိ၊၏။သောတွံ၊
သည်။ တာဒိသံယေဝ၊ ထိုရန်သူပြုအပ်သော အပရာဓဖြစ်သောအန
ရိယအမှုနှင့်တူသည်သာလျှင်ဖြစ်သော။ ကမ္မံ၊ကို။သယမ္ပိ၊သည်လည်း။
ကတ္တုံ၊ငှါ။ကိန္နု၊ခေါ၊ကြောင့်။ဣစ္ဆသိ၊နည်း။ ။ဇေဋ္ဌဘာတိကကနိဋ္ဌ၊
နောင်တော်မြတ်ဖြစ်သောမဟာသာရိပုတ္တရာ၏ညီထွေး။ ပရော၊ပြင်ပ
ဖြစ်သော။ယောဝေရီ၊သည်။တံ၊သင့်ကို။ ဒေါသေတုကာမော၊ဒေါသ
ဖြစ်စေလို၍။အမနာပံ၊ကို။ ယဒိကရိယဒိအကာသိ၊အံ့။ တွံ၊သည်။ ဒေါ
သုပ္ပါဒေန၊ ငါ့ကိုပြုလေသည်ဟု ဒေါသကိုဖြစ်စေသဖြင့်။ တဿေဝ၊
ထိုဝေရီ၏သာလျှင်။မနောရထံ၊ကို။ ပူရေသိကိ ံ၊ဖြည့်ပေးလိုသလော။
(တနည်း)။ကိ ံ၊ကြောင့်။ ပူရေသိ၊ပြည့်စေဘိသနည်း။ ။သုခကာမ၊
ချမ်းသာကိုတောင့်တသောသူတော်ကောင်း။ တွံကုဒ္ဓေါ၊သင်အမျက်
ထွက်ပေသည်တမှုံ။တဿအပရာဓကေဿ၊၏။ ဒုက္ခဥ္စနာမ၊မည်သည်
ကိုသည်း။ကာဟာသိဝါ၊ပြုသော်လည်းပြုနိုင်လတ္တံ့။နဝါကာဟာသိ၊မပြု

သော်လည်းမပြုနိုင်လတ္တံ့။ အတ္တာနမ္ပန၊ကိုကား။ တွံ၊သည်။ဇူဒါနေဝ၊
လျှင်။ကောဓဒုက္ခေန၊ဖြင့်။ ဗာဓသိ၊နှိပ်စက်နှင့်ပြီ။ ။(နာမသဒ္ဒါသည်
ပသံသာ၊ဂရဟာ၊ သညာစသောအနက်တို့တွင်။ ဤ၌အသမ္ဘာဝနာဟူ
သောဂရဟာတ္ထတည်း။ ထိုပါဌ်ဖြင့်ထိုပရာဓပုဂ္ဂိုလ်အား ပြုခြင်းသည်
အနေကန္တိကဟုပြ၏။ ထိုကြောင့် ကာဟာသိဝါနဝါမိန့်သော်)။ ။
အဟိတံ၊ မိမိ၏အဟိတကိုဆောင်တတ်သော။ ကောဓံ၊ သော။ မဂ္ဂံ၊
ဒုဂ္ဂတိခရီးသို့။ဝေရိနော၊ တို့သည်။ ယဒိဝါအာရူဠှာ၊ အကယ်၍တည်း
တက်ကြလေကုန်အံ့။ ဝါ၊ အကယ်တက်ကြကုန်မူလည်းဖြစ်စေမတက်
ကြကုန်မူလည်းဖြစ်စေ။ (ဝါသဒ္ဒါအနိယမ)။ ။တုဝံပိ၊ သည်လည်း။
ကုဒ္ဓော္ဘော၊၍။တေသံယေဝ၊ ထိုအမျက်တည်းဟူသောအပါယ်ငရဲသို့
တက်ကြကုန်သောဝေရိတို့၏သာလျှင်။ကသ္မာ၊ကြောင့်။ အနုသိက္ခသိ၊
အတတ်ကောင်းပြု၍အတုသင်ဘိသနည်း။ ။ယံဒေါသံ၊ကို။နိဿာယ၊
၍။ သတ္တုနာ၊သည်။တဝ၊အား။ အပ္ပိယံ၊ မနှစ်သက်ဘွယ်ကို။ကတံ၊၏။
တမေဝဒေါသံ၊ကိုသာ။ဆိန္တသု၊ဖြတ်ဘိလော့။ကိံ၊ကြောင့်။အဌာနေ၊
အရာမဟုတ်သည်၌။ဝိဟညသိ၊ပင်ပန်းဘိသနည်း။ ။(ဒေါသသည်
သင်၏ အမနာပကိုပြုစေတတ်သည်ဖြစ်၍ ထိုရန်သူ၏ကား အလိုသို့
လိုက်သောအဖြစ်ဖြင့်ကျွန်နှင့်တူ၏။ ထိုကြောင့်တဘန်ပြုခြင်း၏အရာမ
ဟုတ်။ ထိုကြောင့်ဒေါသကိုသာဖြတ် ဟူလို။ ။ဆရာနည်း။ ။
တနည်း၊ဒေါသသည်သင်၏အမနာပကို ပြုစေတတ်သောအာဏာရှင်
တည်း။ရန်သူသတ္တဝါမူကား ထိုဒေါသ၏အလိုအာဏာသို့လိုက်ရသသူ
ဖြစ်၍ပြုရရှာသည်၏အဖြစ်ကြောင့် ဒေါသ၏ ကျွန်သိုးကြီးသာတည်း။
ထိုသို့ဒေါသဟူသောအာဏာရှင်၏အလိုသို့လိုက်၍ ပြုရရှာသည်၏အ
ဖြစ်ကြောင့်ကျွန်နှင့်တူသောလက်သည်သတ္တဝါသည် လက်ခေါက်ပြန်
၍အတုံ့ချေခြင်း၏ အရာမဟုတ်ပေ။ အာဏာရှင်သခင်ဖြစ်၍ စေတတ်
သည့်ဒေါသသည်သာလက်စားချေခြင်း၏အရာဌာနစစ်တည်း။ ထိုသို့
စေကျွန်သတ္တဝါကားအရာမဟုတ်၊ စေတတ်သည့်အာဏာရှင် ကာရာ
ပကဒေါသသည်သာ အရာဟုတ်သည်၏အဖြစ်ကြောင့်။ ထိုအာဏာ
ရှင်ကာရာပကဒေါသကိုသာ လက်စားချေ၍ ဖြတ်ဘိလတ်သေး။ စေ
ကျွန်လက်သည်သတ္တဝါကို အမှုမပြုလတ်သေး။ မြေခွေးကဲ့သို့ မကျင့်
လင့်။ ခြင်္သေ့ကျင့်ကျင့်ရမည်ဟူလိုသော်။ ။အဘယ်သို့ကားမြေခွေး

ကျင့်သနည်း၊အဘယ်သို့ကားခြသေ့်ကျင့်သနည်းဟူမူ။ မြေခွေးသည် အုတ်ကျောက် လှင်ကန်ကိုသာကိုက်၍ ကိုယ်သာကြေသည်။ အမှုအ ရင်းမလိုက်၍ ရန်အရင်းမသေ။ ခြသေ့်တောမင်းမူကား လက်ဖျားကို ပခါမပြု၊အမှုရင်းလက်နက်ရှင်ကိုနှိပ်နင်း၍ရန်အရင်းသေအောင်ကျင့် သည်ဟူလို။ ။ဤကားလက်ဖြစ်အဋ္ဌနေသာမတိတည်း။ ။အဋ္ဌာ နေတိ ဒေါသောတဝအပ္ပိယဿကာရေပကော၊ သတ္တုပနတဿဝဿ ဝတ္တိတာယ ဒါသသဒိသောတိ အဋ္ဌာနံ ပစ္စပကိရိယာယ။ တဿာတ မေဝဒေါသံ ဆိန္ဒသာဉ္စိန္ဒ။ ဤပိုကာကိုမှီ၍ ဆိုကြသော်လည်း တဦး ခေါင်း တပညာပွါး၍ စကားသားတိမ်ကြသည်)။ ။စ၊ထိုမှတပါး။ ခမ္ဘာနံ၊ ပရမတ္ထခမ္ဘတို့၏။ ခဏိကတ္တာ၊ ဖြစ်ခြင်းပျက်ခြင်းဖြင့်မိုင်းခြား အပ်သော မိမိ၏ပဝတ္တိကာလသဟု ဆိုအပ်သော ခဏရှိသည်၏ အဖြစ် ကြောင့်။ ။(ခဏချက်တဖြုတ်အားဖြင့်ပျက်တတ်သောကြောင့်ဟူ လို)။ ။ယေဟိခန္ဓေဟိ၊တို့သည်။တေ၊သင့်အား။အမနာပံ၊ကံ။ကတံ၊ ပြုပြီ။တေ၊ထိုခန္ဓာတို့သည်။နိရုဒ္ဓါ၊ချုပ်ကုန်ပြီ။ဒါနိ၊ယခု။ ဣဓ၊ဤအပရာ ဓကေပုဂ္ဂိုလ်သန္တာန်၌။ ကဿ၊ အဘယ်ခန္ဓာအား။ ကုဇ္ဈသိ၊ အမျက် ထွက်အံ့နည်း။ ။(ကဿဒါနိဓကုဇ္ဈသိ-ပါဌ်၌ အပရာဓကေပုဂ္ဂိုလ် သန္တာန်၌အကြင်ခန္ဓာတို့သည်သင့်အားအပရာဓကိုပြုအပ်၏။ ထိုခန္ဓာ တို့သည်ထိုခဏ၌လျှင် အချင်းခပ်သိမ်းချုပ်ကုန်ပြီ။ ယခုမူကား တပါး ခန္ဓာတို့သည်သာတည်ကုန်၏။ထိုကြောင့်ဤအပရာဓကေပုဂ္ဂလသန္တာန် ၌အဘယ်ခန္ဓာအား အမျက်ထွက်မည်နည်း။ အနပရာဓခန္ဓာတို့၌ အ မျက်ထွက်ခြင်းသည်မသင့်သည်သာတည်း။ ဤသို့သောအဓိပ္ပါယ်ကို သိအပ်၏)။ ။ယောပုဂ္ဂလော၊သည်။ ယဿပုဂ္ဂလဿ၊ အား။ဒုက္ခံ၊ ကို။ကရောတိ၊ ၏။တံ ဒုက္ခကိရိယာ၏ဝိသယဖြစ်သောထိုပုဂ္ဂိုလ်ကို။ ဝိနာ၊၍။ကဿ၊ အဘယ်မည်သောသူအား။ သော၊ ထိုဒုက္ခကာရက ပုဂ္ဂလသည်။ ဒုက္ခံ၊ကို။ ကရေကရေယျ၊ ပြုနိုင်ရာအံ့နည်း။ ဝေံသတိ၊ သော်။တွံ၊သည်။ သယမ္ပိ၊မိမိသည်လည်း။ ဒုက္ခဟေတု၊ ထိုဒုက္ခ၏အ ကြောင်းတည်း။ ဣတိဝေံ၊ ဤသို့ ထိုဒုက္ခကာရက ပုဂ္ဂလ၏ရင်း၊ ဒုက္ခ ကိရိယာ၏ ဝိသယ ဖြစ်သော ပုဂ္ဂိုလ်၏ရင်း၊ နှစ်ဦးသားတို့၏ ဒုက္ခအ ကြောင်း၏အဖြစ်သည်။သမာနေ၊ဖြစ်ပါလျက်။ကိံ ကာရဏာ၊ကြောင့်။ တဿ၊ထိုဒုက္ခကာရကပုဂ္ဂလဟူသောအမှုသည် တဦးအားသာလျှင်။

ကုဒ္ဓါသိ၊ နည်း။ တုယှံပန၊ အမှုသည်တဦးဖြစ်သော သင့်အားကား။ နကုဒ္ဓါသိ၊နည်း။(လှန်)။ ။(အမှုသည်နှစ်ဦးဖြစ်လျက် တဦးအားသ အပြစ်ပြု၍အမှုလမ်းမမှန်ဟုလို)။

၁၃၅။ ဧဝံ၊ဤသို့သောနည်းဖြင့်။အတ္တာနံ၊ကို။ဩဝဒတောပိ၊ဆုံးမသည်လည်းဖြစ်သော။ အဿ၊အား။ ပဋိဃံ၊သည်။ သစေပနနေဝဝူပသမ္မတိ၊အံ့။အထ၊ ထိုသို့မငြိမ်းခဲ့သော်။ အနေန၊ဤဒေါသမငြိမ်းသောပုဂ္ဂိုလ်သည်။ အတ္တနောစ၊၏၎င်း။ ပရဿစ၊၏၎င်း။ ကမ္မဿကတာ၊ကံသာလျှင် ဥစ္စာရှိသည်၏အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အတ္တနော၊မိမိ၏။ ကမ္မဿကတာ၊ကို။(ထည့်)။ တာဝ၊စွာ။ဧဝံ၊သို့။ပစ္စဝေက္ခိတဗ္ဗာ၊၏။အမ္ဘော၊အချင်း။တွံ၊သည်။တဿ၊ ထိုသူတပါးအား။ကုဒ္ဓေါ၊အမျက်ထွက်သည်ဖြစ်၍။ ကိံ ကရိဿသိ၊အသို့ပြုမည်နည်း။ စ၊အပြစ်ကိုဆိုအံ့။ ဒေါသနိဒါနံ၊ဒေါသလျှင် အကြောင်းရှိသော။ဧတံကမ္မံ၊ဤမကောင်းမှုသည်။ တဝေဝ၊၏သာလျှင်။အနတ္ထာယ၊အကျိုးမဲ့ဖြစ်ခြင်းငှါ။ သံဝတ္တိဿတိနနု၊ ဖြစ်လတ္တံ့သည်မဟုတ်လော။ ဟိသစ္စံ၊၏။ တွံ၊သည်။ကမ္မဿကော၊ ကံသာလျှင်မိမိဥစ္စာရှိ၏။ ကမ္မဒါယာဒေါ၊ကံ၏အမွေခံဖြစ်၏။ ကမ္မယောနိ၊ ကံသာလျှင်အကြောင်းရှိ၏။ ကမ္မဗန္ဓု၊ ကံသာလျှင်အဆွေအမျိုးရှိ၏။ ကမ္မပဋိသရဏော၊ ကံသာလျှင်ကိုးကွယ်လည်းလျောင်းရာရှိ၏။ယံကမ္မံ၊ကို။ကရိဿသိ၊အံ့။တဿကမ္မဿ၊၏။ ဒါယာဒေါ၊အမွေခံသည်။ ဘဝိဿသိ၊ ဖြစ်ရလတ္တံ့။ ။ (ပရလောကေပိအနုဂါမိဘာဝတော ကမ္မံယေဝသကံသန္တကံ ဧတေသန္တိကမ္မဿကာ။ဧတေသံဘာဝေါကမ္မဿကတာ။ထိုကမ္မဿကတာကို ပစ္စဝေက္ခနာမည်သည် နိသေဓန အကျိုးရှိ၏။ ထိုနိသေဓနသည်လည်း ဖြစ်လတ္တံ့သော အနာဂတ်ကိုသာတည်း။ ထိုကြောင့် ယံကမ္မံကရိဿသိဟူသည်။ ယင်းသို့အနာဂတ်ဖြစ်၍ဝေးခဲ့လျှင် ဣဒံမဆိုသင့်ဟူမူ။ ပဋိဃဝသဖြင့်ဖြစ်သောကံသည် ပါကဋဘာဝဖြစ်သောကြောင့်အာသန္နပစ္စက္ခလည်းဖြစ်ရကား ဣဒံဟူသည်။စသဒ္ဒါဗျတိရေကတည်း။ ထိုဗျတိရေကဇောတကစသဒ္ဒါသည် ထိုပဋိဃ၏အစွမ်းဖြင့်ဖြစ်သောကံ၏ဖလနိဿန္ဒအားဖြင့်နေဝသမ္မာသမ္ဗောဓိံစသည်ဖြင့် ဗျတိရေကအားဖြင့်ဆိုအပ်လတ္တံ့သည်သာဖြစ်သောအနက်ကိုထွန်းသတည်း)။ ။ စ၊ဗျတိရိက်ကိုဆိုအံ့။ တေ၊၏။ ဣဒံကမ္မံ၊ဤပဋိဃ၏အစွမ်းဖြင့်ဖြစ်သော

ကံသည်။ သမ္မာသမ္ဗောဓိံ၊ကို။ သာခေတုံ၊ငှါ။ နေဝသမတ္ထံ၊မစွမ်းနိုင်။
ပစ္စေကဗောဓိံ၊ကို။ သာခေတုံ၊ငှါ။ နသမတ္ထံ၊နိုင်။ သာဝကဘူမိံ၊ကို။
သာခေတုံ၊ငှါ။နသမတ္ထံ၊နိုင်။ ဗြဟ္မတ္တသက္ကတ္တစက္ကဝတ္တိပဒေသရာဇာဒိ
သမ္ပတ္တိံ၊ ဗြဟ္မာမင်း၏အဖြစ်၊ သိကြားမင်း၏အဖြစ်၊ စကြဝတေးမင်း၊
ပဒေသရာဇ် အစရှိသည်တို့၏စည်းစိမ်တို့တွင်။ အညတရံ၊ တပါးပါး
သော။သမ္ပတ္တိံ၊ကို။သာခေတုံ၊ငှါ။နသမတ္ထံ၊နိုင်။ ။(ယင်းသို့သော်အ
ဘယ်ကိုပြီးစေသနည်းဟု၊ကား။ အထခေါ၊စသည်ကိုမိန့်သော်။အထ
ကားအဓိကာရန္တရ။ ခေါကားပဒပူရဏ)။ ။အထခေါ၊ကား။ သာ
သနတော၊မှ။ စာဝေတွာ၊၍။ ဝိဃာသာဒါဒိဘာဝဿေဝ၊စားကြွင်း
စားသောသူ အစရှိ၏အဖြစ်၏ရင်း။ နေရယိကာဒိ ဒုက္ခဝိသေသာနဉ္စ၊
အပါယ်၌ဖြစ်ခြင်း အစရှိသောဆင်းရဲအထူးတို့၏ရင်း။ ။(နိရယေ
နိယုတ္တံဇာတန္တိဝါနေရယိကံ)။ ။တေ၊၏။ဣဒံကမ္မံ၊သည်။သံဝတ္တနိကံ၊
ဖြစ်ခြင်းအကျိုးရှိသည်။ဟောတိ၊၏။ဣဒံကမ္မံ၊ကို။ ကရောန္တော၊သော။
သောတွံ၊သည်။ ဥဘောဟိ၊ကုန်သော။ ဟတ္ထေဟိ၊တို့ဖြင့်။ဝီတစ္စိတေ၊
အလျှံကင်းသော။ အင်္ဂါရေဝါ၊ မီးကျီး တို့ကိုရင်း။ ဂူထံဝါ၊ ကိုရင်း။
ဂဟေတွာ၊၍။ပရံ၊ကို။ ပဟရိတုကာမော၊ပုတ်ခတ်လိုသော။ ပုရိသော
ဝိယ၊ကဲ့သို့။အတ္တာနမေဝ၊ကိုသာလျှင်။ပဌမံ၊စွာ။ဒဟတိစေဝ၊ပူလောင်
မှူသည်း ပူလောင်စေသည် မည်၏။ ဒုဂ္ဂန္ဓဉ္စ၊ မကောင်းသော အနံ့ကို
လည်း။ ကရောတိ၊ ပြုသည်မည်၏။ ဣတိ၊သို့။ ပစ္စဝေက္ခိတဗ္ဗော၊ ၏။
ဧဝံ၊သို့။ အတ္တနော၊၏။ ကမ္မဿကတံ၊ကံသာလျှင်မိမိဥစ္စာရှိသည်၏အ
ဖြစ်ကို။ ပစ္စဝေက္ခိတွာ၊၍။ ပရဿပိ၊ ၏လည်း။ ကမ္မဿကတာ၊ ကို။
(လိုက်)။ ဧဝံ၊သို့။ ပစ္စဝေက္ခိတဗ္ဗာ၊၏။ သောပိ၊ထိုတပါးသောသူသည်
လည်း။ဘဝ၊သင့်အား။ကုဇ္ဈိတွာ၊၍။ကိံ၊အသို့။ကရိဿတိ၊ပြုနိုင်လတ္တံ့
နည်း။ ဧတဿေဝ၊ ထိုတပါးသော သူ၏သာလျှင်။ ဧတံကမ္မံ၊ သည်။
အနတ္ထာယ၊ ငှါ။ သံဝတ္တိဿတိနနု၊ ဖြစ်လတ္တံ့သည်မဟုတ်လော။ ဟိ
သစ္စံ၊၏။ အယံအာယသ္မာ၊သည်။ ကမ္မဿကော၊ ကံသာလျှင်ဥစ္စာရှိ၏။
ကမ္မဒါယာဒေါ၊ကံ၏အမွေခံဖြစ်၏။ပ။ ယံကမ္မံ၊ကိုး။ ကရိဿတိ၊လတ္တံ့။
တဿ၊ထိုကံ၏။ဒါယာဒေါ၊အမွေခံသည်။ဘဝိဿတိ၊ဖြစ်ရာလေလတ္တံ့။
စ၊ဆက်။အဿ၊ထိုသူ၏။ ဣဒံကမ္မံ၊သည်။သမ္မာသမ္ဗောဓိံ၊ကို။ သာခေ
တုံ၊ငှါ။နေဝသမတ္ထံ၊နိုင်။ ပစ္စေကဗောဓိံ၊ကို။ သာခေတုံ၊ငှါ။နသမတ္ထံ၊

နိုင်။သာဝကဘူမိံ၊ကို။ သာဓေတုံ၊၌၊။ နသမတ္ထံ၊နိုင်။ ဗြဟ္မတ္တသက္ကတ္တ
စက္ကဝတ္တိပဒေသရာဇာဒိသမ္ပတ္တိန်၊တို့တွင်။ အညတရံ၊သော။သမ္ပတ္တိံ၊
ကို။သာဓေတုံ၊၌၊။ နသမတ္ထံ၊နိုင်။ အထဂေခါ၊ ကား။ အဿ၊ထိုတပါး
သောသူအား။ ဝါ၊၏။ ဉာဏံကမ္မံ၊သည်။ သာသနေ၊တော၊မှ။ စာဝေတွာ၊
ရွေစေ၍။ ဝိဿသာဒါဒိဘာဝသံဝေဝ၊စား၊ကြွင်းစားအစရှိသောသူ
၏အဖြစ်၏ရင်း။ ဝါ၊ကိုရင်း။နေရယိကာဒိဒုက္ခဝိသေသာနံ၊ အပါယ်၌
ဖြစ်ခြင်းအစရှိသောဆင်းရဲအထူးတို့၏ရင်း။ ဝါ၊တို့ကိုရင်း။သံဝတ္တနိကံ၊
ဖြစ်ခြင်းအကျိုးရှိ၏။ ဝါ၊ဖြစ်စေတတ်၏။ သွာယံသောအယံအာယသ္မာ၊
သည်၊။ ဉာဏံကမ္မံ၊ကို။ ကရောန္တော၊ပြုသည်ဖြစ်၍။ ဝါ၊ပြုသော။ သွာယံ
သောအယံအာယသ္မာ၊သည်။ပဋိဝါတေ၊လေကြော၌။ဝါ၊လေအောက်၌။
ဌတွာ၊၍။ ပရံ၊ကို။ ရဇေန၊ဖြင့်။ ဩကိရိတုကာမော၊ကြဲခြင်း၌အလိုရှိ
သော။ပုရိသောဝိယ၊ကဲ့သို့။အတ္တာနံ့ယေဝ၊ကိုသာလျှင်။ဒေါသရဇေန၊
ဖြင့်။(ထည့်)။ ဩကိရတိ၊ကြဲ၏။ ဟိသစ္စံ၊၏။ ဘဂဝတာ၊သည်။ ယော
အပ္ပဒုဋ္ဌဿ။ပ။ခိတ္တောတိ၊ဟူသော။ ဝေါဝစနံ၊ကို။ ဝုတ္တံ၊၏။ ။ယော
နရော၊သည်။အပ္ပဒုဋ္ဌဿ၊မပြစ်မှားကောင်းသော။ သုဒ္ဓဿ၊စင်ကြယ်
သော။ အနင်္ဂဏဿ၊အကုသိုလ်ကင်းသော။ ပေါသဿ၊ပေါသဟုဆို
အပ်သော။နရဿ၊သတ္တဝါအား။ဒုဿတိ၊ပြစ်မှား၏။ဗာလံ၊မိုက်သော။
တမေဝနရံ၊ ထိုသူသို့သာလျှင်။ ပါပံ၊ ပြစ်မှားသောမကောင်းမှုသည်။
ပစ္စေတိပတိဧတိ၊ဂစ္ဆတိ၊ပြန်လာ၏။ ကိမိဝ၊ကား။ ပဋိဝါတံ၊လေညာ
သို့။ ခိတ္တော၊လွှင့်အပ်သော။သုခုမော၊ သိမ်မွေ့သော။ ရဇော၊မြူသည်။
ပစ္စေတိဣဝ၊ တူရူမျက်နှာလွှင့်ပြန်လာ၏သို့တည်း။ ။ဧဝံ၊ဤသို့သော
နည်းဖြင့်။ကမ္မဿကတံ၊ကို။ ပစ္စဝေက္ခတောပိ၊ သော်လည်း။အဿ၊
အား။ပဋိဃံ၊သည်။(ထည့်)။သစေပနနေဝဝူပသမ္မတိ၊အံ့။ အထ၊သော်။
အနေန၊သည်။ သတ္ထု၊ဘုရားမြတ်စွာ၏။ ပုဗ္ဗစရိယဂုဏာ၊ရှေးကကျင့်
တော်မူသောဂုဏ်ကျေးဇူးတော်တို့ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ကုန်၏။ ။
(အဘယ့်ကြောင့်နည်း။ဘုရားအားဂါရဝဖြင့်လည်းပဋိဃငြိမ်းရာသော
ကြောင့်တည်း။ ။သတ္ထု၊အား။ ဂါရဝေန၊ ရိုသေသဖြင့်။ မေ၊၏။
ပဋိဃံ၊ သည်။ ဝူပသမေယျ၊ ငြိမ်းစေနိုင်အံ့လည်းမသိ၊ ငြိမ်းစေချင်၏။
ဣတိ၊ ဤသို့နှလုံးပြု၍။ ပစ္စဝေက္ခိတဗ္ဗာ၊ ကုန်၏။ ဣကာ။ ။ပေတို့၌
အနုသာရိတဗ္ဗာရှိသည်ကား။ တတြာယံပစ္စဝေက္ခနာနယောနှင့်လည်း

မဘန်။ဣကာသည်းမလာ)။ ။တတြ၊ထိုသို့ဆင်ခြင်ရာ၌။အယံ၊ကား။
ပဌမောဘ္ဒနာနယော၊တည်း။ အမ္မောပဗ္ဗဇိတ၊အချင်းရဟန်း။ တော၊၏။
သဗ္ဗညု၊ဘုရားဖြစ်တော်မူသောဘုရားမြတ်စွာသည်။ သမ္မောဓော၊သစ္စာ
လေးပါး တရားတို့ကို သိတော်မူသည်၏မှ။ ပုဗ္ဗေဝ၊ ရှေး၌ သာလျှင်။
အနုဘိသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားတို့ကို သိတော်မမူသေးသော။
ဗောဓိသတ္တောပိ၊ဘုရားလောင်းတော်သည်လည်း။ သမာနော၊ ဖြစ်ပါ
လျက်။စတ္တာရိအသင်္ချေယျာနိ၊ပတ်လုံးငင်း။ ကပ္ပသတသဟဿ၊ပတ်
လုံးငင်း။ပါရမိယော၊တို့ကို။ပူရယမာနော၊သော်။ ။(ဗောဓိသတ္တောပိ
၌၊ အပိကားသမ္ဘာဝနာဘည်။ ဗောဓိသတ္တောပိ သမာနောသန္တော
သဗ္ဗညုဘိနုပ္ပဒ္ဒသတိ၊ပဋိဝေဒအဘိသမ္ဗုဒ္ဓေါ၊ဟူလို)။ ။တတ္တတတ္ထ
ဇာတကေ၊ ၌။ ဝဓကေသုပ်၊ညှဉ်ဆဲသတ်ပုတ်တတ်သည်လည်း ဖြစ်
ကုန်သော။ ပဌမြကေသု၊ တို့၌။ စိတ္တ၊ ကို။ နပ္ပဒူသေသိ၊ နှု၊မပျက်စေ
သည်သာဘတ်သော။(တနည်း)။ စိတ္တံစိတ္တနဝ၊ဖြင့်လည်း။ နပ္ပဒူသေသိ
နှု၊မပြစ်မှားသည်မဟုတ်လော။ ။(သမ္ဗာဝနာ၊ဘသုံးချက်ရသောဝါ
ကျဘည်)။ ။ဆူဒိ၊ဤသို့ရန်သူတို့၌သော်လည်းမိမိစိတ်ကိုမပျက်စေ
ခြင်းသည်။ သေယျထာကတမံ၊နည်းဟူမူကား။ သီလဝဇာတကေ၊၌။
ဘာဝ၊ရွာ။ အဘ္ဗနော၊၏။ ဒေဝိယာ၊နှင့်။ သန္တိ၊ကွ။ ပဒုဋ္ဌေန၊ပဒုဋ္ဌေန၊
မိန္တာစာရ၏အစွမ်းဖြင့်ပြစ်မှားသော။ပါပအမစ္စေန၊အမတ်ယုတ်သည်။
အာနီတ၊သော၊ဆောင်ယူအပ်သော။ တိသေဇနသာတ၊ ပဋိဇနဘုံးရရှိ
သော။ ရဇ္ဇ၊ပြည်ကို။ ဂဏှန္တာသောသော။ ပဋိရညာ၊ ရန်သူမင်းကို။
နိသေဓနတ္ထာယ၊ငှါ။ ဥဋ္ဌိတာနံ၊ထကုန်သော။အမစ္စာနံ၊တို့အား။ အာဝု
ဓမ္ပိ၊ကိုသည်။ဆုပ်ဘုံ၊ကိုင်ခြင်း၌။ အဒါတွာ၊ မပေး၍ပုန်၊ဟဘန်။အမစ္စ
သဟဿေန၊နှင့်။ သဒ္ဓိ၊ကွ။ အာမကသုသာနေ၊သူကောင်ဒွန်ရာဖြစ်
သောသုသာန်၌။ ။(ပဋ္ဌသုသာနေဘာဝသင်္ဂြိုဟ်ဘည်၊ပေတိ၊တ်အာမက
သုသာနံ၊ ငင်)။ ။ဂလပ္ပမာဏံ၊ လည်ပမာဏရှိသော။ ဘူမိ၊ ကို။
ခဏိတွာ၊ဘူး၍။နိခညမာနော၊နိခဏိယမာနော၊မြှုပ်အပ်သည်ရှိသော်။
စိတ္တပ္ပဒေါသမတ္တမ္ပိ၊စိတ်ပြစ်မှားခြင်းကိုမျှသည်း။ အကတွာ၊၍။ ကုဏ
ပခါဒနတ္ထံ၊သူကောင်ပုပ်ကိုစားခြင်း၌။ အာဂတာနံ၊ကုန်သော။သိင်္ဂါ
လာနံ၊မြေခွေးတို့၏။ ပံသုဝိယူဟနံ၊မြေမှုန့်ကိုပယ်ခြင်းကို။ နိဿာယ၊
၍၊ ပုရိသကာရံ၊ယောကျ်ားတို့ပြု

အပ်သောအမှုကို။ကတွာ၊၍။ပဋိလဒ္ဓဇီဝကော၊ရအပ်သောအသက်ရှင်
ခြင်းရှိသည်ဖြစ်၍။ယက္ခာနုဘာဝေန၊မင်းကြီးတရားဆုံးဖြတ်သဖြင့် နှစ်
သက်သောစိတ်ရှိသောဘီလူး၏အာနုဘော်ဖြင့်။အတ္တနော၊၏။သိရိဂဗ္ဘံ၊
အသရေရှိသောတိုက်ခန်းသို့။ ။(သိရိဂဗ္ဘောတိဝါသာဂါရေ၊ဟု၎င်းကာ
အစောင်စောင်ရှိ၏)။ ။ဩရုယှ၊သက်၍။ သိရိသယနေ၊ အသရေရှိ
သောအိပ်ရာ၌။သယိတံ၊သော။ပစ္စတ္ထိကံ၊ရန်သူမင်းကို။ ဒိသွာ၊၍။ကော
ပံအကတွာဝ၊၍သာလျှင်။ အညမညံ၊ချင်း။ သပထံ၊ကျိန်စာကို။ ကတွာ၊
ထား၍။တံ၊ထိုရန်သူမင်းကို။မိတ္တဋ္ဌာနေ၊၌။ဌပယိတွာ၊ထား၍။တည်စေ
၍။ ။ဘောဂေ၊တို့။ ပဏ္ဍိတော၊သော။ ပုရိသော၊ ယောကျ်ားမည်
သည်။ အာသိံသေထေဝအာသိံသံကရေယျ၊ အကြင်အကြင် လိုအပ်
သောအစီးအပွါး၌-ဉာယ-အနုဝတ္တဖြစ်သောဥပါယအားဖြင့်တောင့်တ
အာသာကိုပြုရာသည်သာတည်း။ နနိဗ္ဗိန္ဒေယျ၊ ဤသို့ဆင်းရဲငြိုငြင်
ပန်းခြင်းသို့ရောက်သောငါ့အားအဘယ်မှာသောတ္ထိဘာဝကိုရအံ့နည်း
ဟုလုံ့လလျှော့မှုမငြီးငွေ့ရာ။ ဝါ၊လုံ့လပေါ့စား စွမ်းအားမလျှော့ရာ။
ကသ္မာ၊အဘယ့်ကြောင့် လုံ့လလျှော့မှု မငြီးငွေ့ရာဟု ငါဆိုသနည်း
ဟူမူကား။(ဝေါကားနိပါတ်မျှ)။(တနည်း)။ဝေါ၊သင်တို့၏။သာမိကော၊
သော။(ထည့်)။ အဟံ၊သည်။ ယထာယေနပကာရေန၊အကြင်အနုဝတ္တ
ဉာယုပါယအခြင်းအရာဖြင့်။ ကာသဝိ၊အား။ ပီဠံ၊ ညှဉ်းဆဲနှိပ်စက်ခြင်း
ကို။အကတွာ၊မပြုဘဲ။ ရဇ္ဇေ၊၌။ပတိဋ္ဌိတံ၊သော။အတ္တာနံ၊ကို။ ဒက္ခိံ၊ပြီ။
တထာ၊ဖြင့်။ အဟံ၊သည်။ အဟု၊ပြီ။ ဉာတိ၊သို့။ အတ္တာနံ၊ ထီးဖြူလွှလွှ
ကျင်းစံပလျက် ရှေးကအတိုင်းတည်ပြန်သောငါ၏ကိုယ်ကို။ပဿာမိ၊
၏။ တသ္မာ၊ထို့ကြောင့်မငြီးငွေ့ရာဟုငါဆိုပေသတည်း။ ဉာတိ၊သို့။အာ
ဟ၊၏။ ။ခန္တိဝါဒီဇာတကေ၌။ ဒုမ္မေဓေန၊ပညာမရှိသော။ ကာသိ
ရညာ၊ကလာဗုအမည်ရှိသော ကာသိမင်းသည်။ သမဏာ၊ ရှင်ရဟန်း။
တွံ၊သည်။ ကိံဝါဒီ၊အဘယ်ကိုဆိုလေ့ရှိသနည်း။ဉာတိ၊သို့။ ပုဋ္ဌော၊မေး
အပ်သည်ရှိသော်။ အဟံ၊သည်။ ခန္တိဝါဒီနာမ၊သည်းခံခြင်းခန္တီကိုဆို
လေ့ရှိသည်မည်၏။ဉာတိ၊သို့။ဝုတ္တေ၊သော်။သကဏ္ဋကာဟိ၊သံဆူးတပ်
ကုန်သော။(အယကဏ္ဋကေဟိသကဏ္ဋကာဟိ။၎င်း)။ ။ကသာဟိ၊တို့
ဖြင့်။တာဠေတွာ၊ရိုက်နှက်၍။ဟတ္ထပါဒေသု၊တို့ကို။ဆိန္ဒမာနေသု၊သော်။
ကောပမတ္တမ္ပိ၊ ကိုမျှလည်း။ နာကာသိ၊မပြု။ မဟလ္လကော၊အရွယ်ကြီး

